အောင်မြတ်ဦး

မိန်းမနှင့်

သူ၏အမြင့်မားဆုံးဂုဏ်သိက္ခာ

# ခေတ်သစ်မိန်းမပျိုကာ



## မိန်းမနှင့်အိမ်ထောင်ခိုင်မြဲရေး
## အချက်(၁၀)ချက်

နှစ်ဦးသကြန်တွင် မမျှော်လင့်ဘဲ သူနှင့်ပြန်ဆုံသည်။ သူဆိုသည်က "အင်ကြင်း"ဖြစ်သည်။ သူ နိုင်ငံခြားသွားသလိုလို ကြားသည်။ ယခုမှ သူနှင့် ကျွန်တော် မမျှော်လင့်ဘဲ ပြန်ဆုံရသည်။

အင်ကြင်းက ဇနီးနှင့်လည်း ခင်မင်သူ။ ဇနီးသည်နှင့် တစ်ရုံးတည်း အတူလုပ်ခဲ့ဖူးသည်။ ထို့ကြောင့် တစ်နေကုန် စကားပြောကြသည်။ သူက ကျွန်တော်တို့ အိမ်ထောင်ကို အားကျ၏။ စကားပြောရင်း သူ ထိုင်းသို့ ရောက်ခဲ့သည့်အကြောင်းနှင့် သူ၏ အဆင်မပြေသော အိမ်ထောင်ရေးခရီးအကြောင်းသို့ ရောက်သွားသည်။ သူက ပြော၏။



အောင်မြတ်ဦး

မိန်းမနှင့်

သူ၏အမြင့်မားဆုံးဂုဏ်သိက္ခာ

# ခေတ်သစ်မိန်းမငိုကာ

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | ◆ | မင်းမြင့်ခိုင် |
| အတွင်းစာစီ | ◆ | မြစ်ခွဲဇူစင်းကွန်ပျူတာ |
| ထုတ်ဝေသည့်လ | ◆ | ၂၀၁၄ ခုနှစ်၊ မတ်လ |
| အကြိမ် | ◆ | ပထမအကြိမ် |
| အုပ်ရေ | ◆ | ၅၀၀ |
| ထုတ်ဝေသူ | ◆ | ဦးသန်းမြင့်(၀၁၀၄၀)၊လင်းလင်းစာပေ၊ အမှတ်(၄/ ၂၉)၊ မြဝတီမင်းကြီးလမ်း၊ ၁၀-ရိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ◆ | စည်သူကိုကို(တော်ဝင်ထွန်းပုံနှိပ်တိုက်) မြဲ(၁၀၉၈၁)၊ အမှတ်-၁၀၊ ၅၂-လမ်း (အောက်)၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | ◆ | ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်အော့ဖ်ဆက်၊ (၉၆/၁)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ◆ | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | ◆ | ၅၀၀ ကျပ် |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

အောင်မြတ်ဦး

မိန်းမနှင့်သူ၏အမြင့်များဆုံးဂုဏ်သိက္ခာ/ အောင်မြတ်ဦး။
– ရန်ကုန်၊
လင်းလင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။
၁၄၈ – စာ ၁၂ x ၁၈ စင်တီ
(၁) မိန်းမနှင့်သူ၏အမြင့်များဆုံးဂုဏ်သိက္ခာ

အောင်မြတ်ဦး

# မိန်းမနှင့် သူ၏အမြင့်ဆုံးဂုဏ်သိက္ခာ

[ခေတ်သစ်မိန်းမပြဿနာ]

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရတနာသုံးပါး
အနန္တော အနန္တငါးပါးနှင့်
ခင်ပွန်းကြီးဆယ်ပါးအား
ဦးထိပ်ထားလျက်
ဘဝတစ်ကွေ့တွင် တွေ့ခဲ့ရသည့်
ချစ်သူ၊ မုန်းသူတို့အား
ထာဝရ ဂါဝရဖြင့်

အောင်မြတ်ဦး

# မာတိကာ

နိဒါန်း
(သို့မဟုတ်)
ကျွန်တော်နှင့်မိန်းမအကြောင်းများ ၉
၁။ မိန်းမနှင့် သူ၏အမြင့်ဆုံးဂုဏ်သိက္ခာ ၁၉
၂။ မိန်းမနှင့် သူ့ဘဝ၏အလှပဆုံးပုံရိပ် ၃၇
၃။ မိန်းမနှင့် သူတို့၏လျှို့ဝှက်သော ၅၃
ချစ်စရာကိစ္စများ
၄။ မိန်းမနှင့် ကိုယ်ရည်ကိုယ်သွေး ၆၇
၅။ မိန်းမနှင့် ဝတ်စားဆင်ယင်မှု ၈၁
၆။ မိန်းမနှင့် ရည်မှန်းချက် ၁၀၁
အဖြစ်အပျက် ပြဿနာ
၇။ မိန်းမနှင့် အိမ်ထောင်တည်မြဲရေး ၁၂၃
အချက်(၁၀)ချက်
၈။ မိန်းမနှင့် စိတ်ယဉ်ကျေးမှု ၁၃၃

နိဒါန်း

(သို့မဟုတ်)

ကျွန်တော်နှင့်မိန်းမများ

(၁)

ကျွန်တော့် စာပေသက်တမ်းနှင့် ထွက်ပြီးစာအုပ်များကို ပြန်ကြည့်လျှင် မိန်းမတို့အကြောင်းကို ရေးသားခဲ့သည့် စာအုပ်က များသည်။ ကျွန်တော် ရေးဖြစ်သည့် မိန်းမတို့အကြောင်း စာအုပ်များသည်လည်း အကြိမ်ကြိမ် ရိုက်ရသည့် စာချုပ်ချည်းပင်။

မဂ္ဂဇင်းများ၊ ဂျာနယ်များကလည်း မိန်းမအကြောင်း ရေးဖို့ နှိုးဆော်သည်။ ရေးဖြစ်၍ စာအုပ်တစ်အုပ် စာပြည့်ပြီဆိုလျှင် စာအုပ်ပြန်ထုတ်ဖို့ နှိုးဆော်ကြသည်။

သို့နှင့် စာအုပ်ဖြစ်ခဲ့သလို ပြန်ရိုက်စာအုပ် စာရင်းဝင်ခဲ့သည်။

သို့နှင့် ပရိသတ်၏ အသိတွင် ကျွန်တော်သည် ဣတ္ထိယအကြောင်းရေးသူ ဖြစ်ခဲ့သည်။ အမှန်ကို ဆိုသော် ကျွန်တော်တို့ ကိုယ်တိုင်လည်း မိန်းမသုတေသနသမား။

(၂)

ဤစာအုပ်ပါ ဆောင်းပါးများကလည်း ကျွန်တော်၏ချစ်လှစွာသော သူငယ်ချင်း "မောင်ညိုသွေး"၊ "ရွက်နုဝေမဂ္ဂဇင်း"ကိုင်တော့ နားပူနားဆာ လုပ်လွန်းသဖြင့် မဖြစ်မနေရေးခဲ့သည့် ဆောင်းပါးများ ဖြစ်သည်။

ကျွန်တော်ရေးခဲ့သည့် မိန်းမတို့အကြောင်း ဆောင်းပါးများအနက် ထူးခြားသည့် ဆောင်းပါးများဟု ဆိုရချိမ့်မည်။

နောက်တစ်ခု ထူးခြားချက်မှာ ထုတ်ဝေသူက ထုတ်ဝေလိုသော်လည်း စာမူများက ပျံ့ကျဲနေပြီး စုစည်းနိုင်ခြင်း မရှိသဖြင့် စာအုပ်အဖြစ် ပရိသတ်လက်သို့ ရောက်မလာခဲ့သည့် စာမူများအားစုစည်းပြီး အချိန်ကြာမှ ထုတ်ဝေနိုင်သည့်စာအုပ်ဖြစ်ခဲ့ခြင်းပင်။

အားမာန်သစ်စာပေ

သို့သော် ထိုစာအုပ်ပါ အကြောင်းအရာများက ဟောင်းနွမ်းမသွားသေး။ ပို၍သစ်လွင်၊ စံချိန်မီ ဖြစ်သဖြင့် ကျေနပ်ရသည်။

အားမာန်သစ်စာပေ

(၃)

သည်စာအုပ်သည် မိန်းမတို့အတွက် အကျိုးတစ်စုံတစ်ရာ ထူးခြားမည်ဟု ယုံ၏။ အကယ်၍ ဤစာအုပ်သည် မိန်းမတို့ဘဝအတွက် အကျိုးတစ်စုံတစ်ရာ ထူးခြားသည်ဆိုငြားအံ့။

ကျွန်တော် ပီတိဖြစ်ရမည်ပင်။

ထို့တူ ရေးဖြစ်စေရန် ဒုက္ခခံခဲ့သည့် စာရေးဆရာ "မောင်ညိုသွေး"နှင့် စာမူများ စုစည်းမိစေရန် ကူညီသည့် "အမျိုးသားစာကြည့်တိုက်"မှ ဝန်ထမ်းများအား ကျေးဇူးအထူးဖြင့် ...

အောင်မြတ်ဦး
၂၅-၃-၂၀၀၇

အားမာန်သစ်စာပေ

မိန်းမနှင့် သူ၏
အမြင့်မားဆုံး ဂုဏ်သိက္ခာ

## မိန်းမနှင့်သူ၏
## အမြင့်မားဆုံးဂုဏ်သိက္ခာ

(၁)

တစ်မြန်နေ့က စာဖတ်သူဇာစ်ဦးထံမှ အကြံဉာဏ် တောင်းခံသည့် စာတစ်စောင်ကို ဖတ်ရသည်။ သူမစာက သူမ ကျဆုံးမှုကို ဖော်ညွှန်းနေသည်ဟု ကျွန်တော် နားလည်ရသည်။ သူ့ကို မမြင်ဖူးသော်လည်း သူ့အတွက် ကျွန်တော် စိတ်မကောင်း။ သူ့ကို ကျွန်တော် မည်သို့ အကြံပြုရမည်နည်း။

သူ့ကို ညံ့ဖျင်းသည်ဟု ပြောရမည်လား၊ မပြောသင့်။ ဤကဲ့သို့ပင် သူ့အမျိုးသားကို ဖောက်ပြန်သူဟု ပြောရမည်လား။ ပညာရှိများ၏ ဆိုမိန့်စကားကို ကျွန်တော် ပြေးသတိ

ရမိပြန်၏။ "လင်မကယားကြား၊ သားသမီးကြား ကြားမဝင်နှင့်" ဟု ဖြစ်သည်။

ပြီးတော့ "လူနှစ်ယောက် ပြဿနာကြားသို့ ကြားဝင်သူသည် လူမိုက်ဖြစ်သည်"ဟု ဖြစ်သည်။

သို့သော် သူမ၏စာကိုဖတ်ရင်း ပြောသင့်သည့် အကြောင်းတစ်ခု၊ ရေးသင့်သည့် အကြောင်းတစ်ခုတော့ ရှိခဲ့ပြီဟု ကျွန်တော် နားလည်မိသည်။

ဤကား "မိန်းမနှင့် သူ၏အမြင့်ဆုံးဂုဏ်သိက္ခာ" အကြောင်းတည်း။

အာမေဒိုသာစာပေ

## (၂)

မိန်းမတစ်ဦးအတွက် အမြင့်မားဆုံး ဂုဏ်သိက္ခာသည် အဘယ်နည်း။

ဤသည်မှာ မိန်းမတိုင်းသိထားသင့်သောအကြောင်း တစ်ခု ဖြစ်သည်။ သို့သော် မိန်းမ၏ဘဝကို ဆစ်ပိုင်းလျှင် "အပျို" ဘဝတစ်ပိုင်း ရှိသလို၊ "အိမ်ထောင်ရှင်"ဘဝဟူ၍ တစ်ပိုင်းရှိသဖြင့် မိန်းမဘဝ၏ အမြင့်မားဆုံး ဂုဏ်သိက္ခာနှင့် ပတ်သက်၍ ဆန်းစစ်ကြည့်လျှင် နှစ်ပိုင်းခွဲခြား သိမြင်ရန် အထူးလိုအပ်သည်ဟု ဆိုရပေမည်။

အပျိုဘဝ၏ အမြင့်မားဆုံ ဂုဏ်သိက္ခာသည် ဘဝနှင့် အပျို၏တန်ဖိုး မကျဆင်းအောင် ထိန်းသိမ်းစောင့်ရှောက်

ခြင်းဟု ဆိုရမည်။ အိမ်ထောင်ရှင်ဘဝတွင်မူ ဘာသာခိုင်မြဲသော အိမ်ထောင်တည်ဆောက်နိုင်ရေးနှင့် ခင်ပွန်းသည် စွဲမက်သော အိမ်ထောင်ရှင်တစ်ဦး ဖြစ်မြောက်ရေးဟု ဆိုရမည်ပင်။

ဤသည်မှာ မိန်းမနှင့် သူ၏အမြင့်မားဆုံး ဂုဏ်သိက္ခာဟု ဆိုလျှင်မမှား။

အပျိုမတစ်ဦးအား အပျိုတန်ဖိုးမဲ့သူဟု အပြောခံရလျှင် သူ့အတွက် ဂုဏ်သိက္ခာ ကျဆင်းနိုင်သကဲ့သို့ အိမ်ထောင်ရှင်မတစ်ဦးအား ခင်ပွန်းသည်မှ စွန့်ပစ်ခံရလျှင်လည်း သူ၏ အမြင့်မားဆုံး ဂုဏ်သိက္ခာ ကျဆင်းခြင်းဟု ဆိုရလေမည်ပင်။

ထို့ကြောင့် မိန်းမဆန်သော မိန်းမများသည် မိမိ၏ အမြင့်မားဆုံးဂုဏ်သိက္ခာ ကျဆင်းမည်ကို စိုးကြသည်။

တစ်ခါက မိန်းမတစ်ဦး ကျွန်တော့်ကို ရင်ဖွင့်ပြောပြဖူးသည်။ သူမ၏ ရင်ဖွင့်စကားများကို မပြောမီ သူမ ဘဝ အကြောင်းကို အရင်ပြောပြချင်သည်။ သူမခင်ပွန်းသည် သူမ လက်တွင်းမှ မယားငယ် ယူသွားခဲ့သည်။ ထိုအခါ သူမလည်း မယားငယ်ဘက်မှ သူ့ခင်ပွန်းကို သူ ပြန်ယူခဲ့သူဖြစ်၏။ ယခု အခါ သူမယောကျ်ားသည် သူမမှသူမ ဖြစ်နေ၏။ တစ်ခါက သူမယောကျ်ားမှ ကျွန်တော့်အား သူမအကြောင်း ပြောဖူးသည်။

"တကယ်တော့ အေးဝင်းရီဟာ မိန်းမဆန်တဲ့ မိန်းမပဲကွ၊ သူဟာ ယောကျ်ားရဲ့အာသီသကို သိသူပဲ။ ခုတော့ ဦးမာဂ

က မိဖုရားအများအပြားနဲ့ သူနဲ့ လဲမယ် ဆိုရင်တောင် ငါမလဲနိုင်ဘူး" တဲ့ ...။

ဤသည်မှာ အဘယ်ကြောင့်နည်း ...။

သူမစကားနှင့် ချိန်ဆက်ကြည့်ကြစို့ ...။

"တကယ်တော့ မယားကြီးရယ်၊ မယားငယ်ရယ် ဆိုတာ သတ်မှတ်ချက်ပဲ။ မိန်းမဟာ မိန်းမပဲလေ။ ယောက်ျား အတွက် သူစွဲမက်သူကိုသာ အမိကထားမှာ မဟုတ်လား။ ဒါကြောင့် ကိုယ့်ယောက်ျား အခြားလူလက် ပါသွားရင် ကိုယ်ညံ့တာ။ ကိုယ့်တာဝန်ပျက်ကွက်တာ အလိုလိုပြနေ တာလို့ ဆိုရမယ်။ ငါ မယားကြီးပါလို့ လူကြားကောင်း အောင် ပြောနေတာဟာ ကျွန်မညံ့လို့ပါလို့ ဝန်ခံနေတာနဲ့ ဘာထူးလဲ။ ဒီလိုကြွေးကြော်နေခြင်းဟာ ကိုယ့်ဂုဏ်သိက္ခာ ကျဆင်းမှုကို လှစ်ပြနေတာနဲ့ အတူတူပဲ ...

"အရေးကြီးတာက မိန်းမဖြစ်ရင် မိန်းမဆန်ရ မယ်။ မိန်းမပီသစွာ ဖွံ့နှောင်တတ်ရမယ်။ ကိုယ့်ယောက်ျား အတွက် ကိုယ်ပဲ ထာဝရ ဖြစ်ရမယ် ကိုယ့်စည်းမှုကိုယ် လုံအောင် မထိန်းနိုင်ရင် ခရီးရှည် ဘယ်လိုသွားလို့ ရမ လဲ"

ဤကား နိုင်မြဲခြင်း၏ နိမိတ်ပုံများဆိုစေညွှန်း မမှား။ ကိုယ့်ဥယျာဉ် ကိုယ်ပြုပြင်ရမည်။

အားမာန်သစ်စာပေ

ဥယျာဉ်မှူးကောင်းမရှိသော ဥယျာဉ်သည် အဘယ်မှာ လှပတင့်တယ်နိုင်မည်နည်း။

မိန်းမနှင့်ယောက်ျား မည်သူက ဥယျာဉ်မှူး ဆိုတာ ဆန်းစစ်ဖို့ လိုပေပြီ။

(၃)

"မိန်းမတွေဟာ ကိုယ့်ခင်ပွန်းက စွန့်ပစ်သွားမှာ၊ တခြားရင်ခွင်မှာ သာယာသွားမှာကို စိုးရိမ်ကြတယ်။ စိုးကြောက်ကြတယ်။ ဒါပေမဲ့ ကိုယ့်ခင်ပွန်းသည် ကိုယ့်ကို စွဲမက်နေအောင်၊ ကိုယ်မှကိုယ်ဖြစ်အောင် ဘယ်လိုစွမ်းဆောင်ဖို့လိုတယ်ဆိုတာ မစဉ်းစားကြဘူး"

မကြာမီက အားမာန်သစ်စာစောင်တွင် ကိုညီမှိုင်းနှင့်ဆုံတော့ ကျွန်တော့်အား မိန်းမတို့၏ အတွင်းစိတ်နှင့် ပတ်သက်၍ ပြောပြရင်း အိန္ဒိယရုပ်ရှင်လောကမှ နာမည်ကြီး မင်းသားတစ်ဦး၏ အိမ်ထောင်ရေးကို ပြောသည်။

- အမည်ကိုတော့ မပြောလိုတော့ပါ။ ဤအကြောင်းအရာတွင် နာမည်သည် အရေးမကြီးပါ။ ထိုမင်းသား၏ဇနီးသည် မင်းသမီးတစ်ဦးပင် ဖြစ်သည်။ ထိုစဉ်က မင်းသမီးလည်း နာမည်ကြီးပင်။ လက်ထပ်ပြီးတော့ မင်းသမီးက ရုပ်ရှင်လောကမှ ထွက်သည်။ အိမ်ထောင့်တာဝန်ကိုပဲ အချိန်ပြည့် တာဝန်ယူသည်။ သူမအတွက် ခင်ပွန်းနှင့် အိမ်ထောင်မှုသာ အဓိကထားသည်။

ထိုစဉ် မင်းသားက ကမ္ဘာကျော်လာပြီး သရုပ်ဆောင်မင်းသမီးတစ်ဦးနှင့် ဘာလိုလို ဖြစ်သည်။ အတူတူနေကြသည်။ မင်းသား၏ဇနီးသည် ဇနီးဝတ်မပျက် တာဝန်ကျေသည်။ ခင်ပွန်းဆန္ဒကို ဦးစားပေးသည်။ ထိုအခိုက် မင်းသား ကားရိုက်ရင်း ဒဏ်ရာရသည်။ ဆေးရုံတက်ရသည်။

ထိုအခါတွင်တော့ နာမည်ကြီး မင်းသမီးသည် မင်းသားကို အဓိက မထားနိုင်။ မင်းသားကို မပြုစုနိုင်။ ထိုအခါ မင်းသားအတွက် ဆန္ဒကွက်လပ် ဖြစ်သည်။ ယင်းအချိန်တွင် မင်းသား၏ဇနီးသည် လင်ကိုမငြိုငြင်ဘဲ ဆန္ဒမှန်သမျှ ဖြည့်သည်။ ပြောင်းလဲသည့် ကြင်နာမှုမရှိ။ တစ်သမတ်တည်း ရှိသည်။

မင်သား ဆေးရုံမှ ဆင်းသောအခါ မူလမင်းသမီးထံသို့ ပြန်လာသည်။ နာမည်ကြီးမင်းသမီးနှင့် ပြတ်စဲသွားသည်။

"ဒီမင်းသမီးဟာ ယောက်ျားအထာ အတော်သိတာပဲ"

ကျွန်တော်က စကားဆုံးလျှင် ပြောလိုက်သည်။

"ဒါပဲ ကိုအောင်မြတ်ဦး၊ ယောကျ်ားဆိုတာ နွေးထွေးတဲ့ အယုအယကို မြတ်နိုးသလို ထာဝရသစ်လွင်မှုကို မြတ်နိုးတဲ့သတ္တဝါလေ။ ကိုအောင်မြတ်ဦး စဉ်းစားကြည့်လေ။ ယောကျ်ားတွေဟာ မယားကြီးနဲ့ မယားငယ် ယှဉ်လာရင် မယားငယ်ကို ပိုပြီးတွယ်တာကြတယ်။ ဒါ ဘာကြောင့်လဲ။ အဖြေက ရှင်းရှင်းလေးဗျ။ မယားငယ်တွေဟာ အမြဲတမ်း သစ်လွင်နွေးထွေးမှုနဲ့ ကြိုဆိုတယ်။ အိမ်ထောင်ရေးကိစ္စမှာ လိင်မှုတွေ ပါတယ်။ လိင်မှုကိစ္စဟာ ညစ်ညမ်းပါတယ်ဆိုမှ ညစ်ပေနေရင် ဘယ်မှာ သာယာနိုင်မလဲ။ ဒါ သဘာဝလေ ..."

ကျွန်တော် ကိုညိုမြိုင်း စကားကို နားထောင်ရင်း "ဒေါ်သက်ဝေ"တို့ အိမ်ထောင်ရေးပုံရိပ်ကို ဖျတ်ခနဲ မြင်လိုက်မိပြန်သည်။

အာဏာနိသစ်စာပေ

## (၄)

"ဒေါ်သက်ဝေ"ကို လှိုင်မြို့နယ်တွင် ရင်းနှီးခဲ့သည်။ တစ်ရပ်ကွက်တည်း အတူနေခဲ့သည်။

ဒေါ်သက်ဝေ ခင်ပွန်းက ဦးမြင့်ကျော်။

သူတို့အသက်က (၅၀)ကျော်။ အိမ်ထောင်က(၃၀) ကျော်။ ဒေါ်သက်ဝေတို့ ဇနီးမောင်နှံက နုနုနယ်နယ်၊ သွက်သွက် လက်လက်။

မနက်ဆို ဦးမြင့်ကျော် ရုံးသွားတာနှင့် ဒေါ်သက်ဝေ က ပြင်ဆင်ပြီး ဦးမြင့်ကျော်ကို ခြံဝအထိ လိုက်ပို့သည်။

ညနေ ရုံးပြန်ချိန်ဆို ဒေါ်သက်ဝေ ဖြီးလိမ်းပြင်ဆင် ပြီး ဦးမြင့်ကျော်ကို ရပ်ကွက်ထိပ်မှာ ကြိုနေသည်။

သူတို့ကို ကြည့်ရသည်မှာ ငွေရတုကျော် အိမ်ထောင်သည်များနှင့်မတူ။ ညားခါစ ဇနီးမောင်နှံတွေလို။

ဒေါ်သက်ဝေက အနေအထိုင် ကျစ်လစ်သည်။ ဝတ်စားဆင်ယင်မှုကလည်း သပ်ရပ်ပြီး သစ်လွင်သည်။ ဒေါ်သက်ဝေကို တစ်ခါမှ ဖရိုဖရဲ မမြင်ဘူး။

တစ်နေ့ ကျွန်တော်က "ဒေါ်သက်ဝေတို့ လင်မယား ကြည့်ရတာ စိတ်ချမ်းသာတယ်ဗျာ၊ ခုအချိန်အထိ ကြင်စဦးဇနီးမောင်နှံတွေလိုပဲ"ဟု ပြောမိသည်။

"အိမ်ထောင်ရေးမှာ ဒါ အဓိကပဲလေ။ ငါတို့ လင်မယားဖြစ်ပြီပဲ၊ ငါတို့ တစ်ယောက်ကိုတစ်ယောက် ပိုင်ပြီပဲဆိုပြီး စိတ်နှလုံး တုံးတုံးချလို့ မရဘူးကွယ့်"

"ဘာဖြစ်လို့လဲ ဒေါ်သက်ဝေ"

"ဟဲ့ ... ဘာဖြစ်ရမလဲ၊ လူသာအိုသွားတာ၊ အချစ်ဆိုတာ အိုသွားတဲ့အရာ မဟုတ်တာ။ ဒါကြောင့် ငါ့ယောကျ်ား အတွက် ငါဟာ ထာဝရချစ်စရာလို့ မြင်နေဖို့ လိုတယ်လေ"

"ဒါ အဘိဓမ္မာပဲ"

"ဖြစ်ရမယ်လေ၊ နင်လည်း စာရေးဆရာပဲ၊ စဉ်းစားကြည့်လေ။ ပြီးတော့ နင် ယောကျ်ားတစ်ယောက်အနေနဲ့ စဉ်းစားကြည့်၊ နင့်ကိုယ်နင်သာ နံစော်နေအောင် နေရင်နေ

မယ်၊ နှင့်မိန်းမကိုတော့ လှနေမှ ကြိုက်တယ် မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

"ဒါပဲ စာရေးဆရာ၊ ယောကျ်ားဆိုတာ လှပသစ်လွင်မှုကို အမြဲစိတ်ကူးယဉ်နေတာ၊ လှပသစ်လွင်မှုနဲ့ ကျေနပ်နေတာ၊ ပြီးတော့ ယောကျ်ားဆိုတာ အမြဲတမ်း ပြည့်ဝချင်နေတာ၊ ဒါကို ငါသိတယ်လေ၊ ဒီလိုနဲ့ ငါတို့ အိမ်ထောင်ရေး ခိုင်မြဲနေတာ၊ ယောကျ်ားဆိုတာ မဝရင် ထပ်စားဖို့ ရှာတယ်၊ ဗိုလ်ပြည့်နေရင် နတ်သုဒ္ဓါဖြစ်စေ မမက်မောဘူး၊ ဒါဟာ လူ့သဘာဝလေ ..."

❦

“မိန်းမတော်တော်များများဟာ ကိုယ့်ချွတ်ယွင်းချက် ကိုယ် မသိကြဘူး၊ ကိုယ် အစွန့်ပစ်ခံဘဝ ရောက်ရင် ယောကျ်ား တွေကို အပြစ်ပြောကြတယ်၊ ကိုယ့်ရဲ့အမြင့်မားဆုံး ဂုဏ် သိက္ခာစံချိန်တွေ ကျသွားတာကို မစဉ်းစားကြဘူး၊ အရေး ကြီးတာဟာ ကိုယ့်စံချိန်ကို ကိုယ်ထိန်းနိုင်ဖို့ပဲ၊ ယောကျ်ား ဆိုတာ လူသားတွေလေ၊ စက်ရုပ်မှ မဟုတ်တာ”

ကျွန်တော့်မိတ်ဆွေတစ်ဦး၏ ပြောစကား ဖြစ်သည်။ သူ့မှာလည်း ခံစားချက်ရှိသည်။

“မင်း ... စန်းစန်းကို ဘာလို့ စွန့်ပစ်ခဲ့တာလဲ”

“စန်းစန်းဟာ သူ့အမြင့်မားဆုံး ဂုဏ်သိက္ခာကို မထိန်း နိုင်လို့ပဲ၊ ရှင်းရှင်း ပြောရရင် သူဟာ နှစ်ဖက်မျှမျှတတ မကြည့်တတ်ဘူး၊ သူ့ဘက်ပဲ ကြည့်တယ်၊ အိမ်ထောင်

ရေးမှာ နှစ်ဦးသား အတူနေကြရုံနဲ့ မပြီးဘူးကွ။ အတူ နေဖို့ တစ်ခုအတွက်ဆို အိမ်ထောင်ပြုစရာ လိုသလား၊ အိမ်ထောင်ပြုကြတာ စိတ်အာဟာရ ပြည့်ဝဖို့ကွ၊ တစ်ဦး ကိုတစ်ဦး နားလည်ဖို့ သာယာစွဲမက်ဖို့၊ မင်း စန်းစန်း ကို တွေ့နေတာပဲ၊ တစ်နေကုန် ရှာဖွေပြီး ပြန်လာတဲ့ ငါ့အတွက် စိတ်အပန်းပြေစေသလား။ ဘယ်တော့ဖြစ်ဖြစ် ဖရိုဖရဲပဲ၊ ငါ ပြောပါသေးတယ်၊ သူက ပြောတယ်၊ မလို ပါဘူးတဲ့၊ မောလာတဲ့ ယောကျ်ားဟာ သစ်လွင်တဲ့ အထူး သင်းပျံ့တဲ့ ရနံ့ကိုပဲ ခံစားချင်တယ်၊ ချွေးနံ့ချင်း မထွေး ဖက်ချင်ဘူး"

"ဒါဆို အပြုံးနဲ့ ကြိုရမယ်ပေါ့၊ သနပ်ခါးနံ့နဲ့ ကြိုရမယ် ပေါ့"

"ဒါ အမှန်ပဲလေ။ မောလာသူဟာ ရေအေးအေးပဲ သောက် ချင်တယ်၊ နေပူထဲက လာသူအတွက် နေရိပ်ဟာ အဓိက လေ၊ ဒါကို မိန်းမတွေ သိသင့်တာပေါ့၊ မိန်းမဆိုတာ ပါရမီဖြည့်ဖက်လေ၊ ယောကျ်ားအကြိုက်သိတဲ့ မိန်းမဟာ အမြင့်မားဆုံး ဂုဏ်သိက္ခာ စံချိန်တင်နိုင်တဲ့ မိန်းမပဲ"

"မင်းကို အလိုက်သိတဲ့ ပါရမီဖြည့်ဖက်နဲ့ ငွေရဲ့လည်း အတူ သွားရဲ့သပေါ့"

"အစစ်ပေါ့၊ ငရဲကို အတူသွားတယ်ဆိုလည်း သွားရဲပါတယ်၊ ပြာပူမှာ မကြောက်ပါဘူး"

# မိန်းမနှင့်
# သူ့ဘာဝ၏ အလှဆုံးပုံရိပ်

## မိန်းမနှင့်
## သူ့ဘဝ၏အလှပဆုံးပုံရိပ်

(၁)

"မိန်းမဟူသည် ဘဝ၏အလှကဗျာ"ဟု ပညာရှိများ ဆိုမိန့်ခဲ့သည်ကို မှတ်သားရဖူးသည်။

မိန်းမသည် ဘဝတစ်ခုကို ရေလိုအေး၍ ပန်းလိုလန်းဆန်းစေရန် ဖန်တီးတည်ဆောက်နိုင်စွမ်းသည် ဟုလည်း အဘိဓမ္မာဆရာအချို့က မှတ်တမ်းပြု ဆိုမိန့်ခဲ့ကြသည်။

ဤသည်မှာ အမှန်တရား၏သက်သေဟု ကျွန်တော်ခံယူခဲ့သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် မိန်းမများကို တန်ဖိုးထားကာ လူသားပီပီ အမှားမကင်းကြသော မိန်းမများ

အားမာန်သစ်စာပေ

အမှန်နှင့်အမှား ခွဲခြားဝေဖန် ပြုပြင်နိုင်ရန်အတွက် သုတေသန ပြကာ ဆောင်းပါးများစွာကို အစဉ်တစိုက် ရေးသားခဲ့သည်။

ထို့ကြောင့် ကျွန်တော့်အား အချို့က သျှတ္တရစာရေး ဆရာဟု ပြောကြသလို၊ အချို့က မိန်းမဘက်က ရှေ့နေလိုက် နေသူဟု ပြောကြသည်။

ကျွန်တော့်အနေနှင့်မူ မည်သို့မျှ တုံ့ပြန်ချေပခြင်း မပြုလိုပါ။ သို့သော် တစ်ခုတော့ ကျွန်တော် ပြောလိုပါသည်။

မိန်းမအကြောင်း နားမလည်သူသည် မိန်းမတန်ဖိုး ကို သိမည် မဟုတ်ပါ။ မိန်းမအကြောင်း မသိသူသည် မိန်းမတို့ ၏ အနုပညာဆန်သော ကြင်နာမှုကို ခံစားရမည် မဟုတ်ပါ။

စင်စစ် မိန်းမဟူသည် ရနံ့ကြွယ်သော ပန်းစံပယ်လို အတန်းအစား ဆိုသည်ကို လူတိုင်း သိစေလိုပါသည်။ ဖန်တီးယူ စေလိုပါသည်။

❀

မိုးရိပ်ကြားမှ လျှို့ထွက်လာသော ‌ေပျော့ရဲရဲ အပူရှိန်နှင့် အိုက်စပ်စပ် ခံစားမှုကို ခံစားရင်း အပျိုမ,မဂ္ဂဇင်းတိုက်မှ အထွက်တွင် မောင်ညိုသွေးနှင့် ဆုံရသည်။ သူက "ရွက်နုဝေမဂ္ဂဇင်း" ရှင်သန်တိုးတက်ရေးအတွက် တစ်တောက်တက်တက် ခရီးဆက်နေသူ၊ ကြိုးပမ်းနေသူ။

သူက ကျွန်တော့်ကိုတွေ့လျှင် "ဩဂုတ်လ ရွက်နုဝေ (၄)နှစ်ပြည့်ထုတ်မှာ စာမူလုပ်တော့နော်"ဟု ပြောသည်။

ကျွန်တော် ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ၊ မနက်ဖြန်နော်"

"လေထန်ကုန်းမှာ ဆုံမယ်"

"အိုကေ"

အလိုလိုနှင့် မဂ္ဂဇင်းလစဉ်ကဏ္ဍာ တာဝန်ယူရသည့် မဂ္ဂဇင်းတွေ မနည်းတော့။ မဂ္ဂဇင်းများကြောင့် လုံးချင်းနောက်

ကျခဲ့သည့် ကျွန်တော်။ ကိုညိုမှိုင်းက နားလည်သဖြင့် ကျေးဇူးတင်ရပါသည်။ သို့သော် ကျွန်တော် မနားရ။ အိမ်ရောက်သည်နှင့် စားပွဲထိုင်ရသည်။

လစဉ် (၁၅)ရက်မှ (၂၀)အတွင်း မဂ္ဂဇင်းကိစ္စလုံးပန်းရသည်။ ဒီနေ့လည်း စာရေးရဦးမည်။

ရွက်နုဝေ (၄)နှစ်ပြည့်အတွက် စာမူ။ "မိန်းမနှင့်သူ့ဘဝ၏အလှဆုံးပုံရိပ်"

အားမာန်သစ်စာပေ

(၂)

စာရေးစားပွဲတွင် ထိုင်ခိုက် ကိုမြသန်း စကားကို ဖျတ်ခနဲ သတိရသည်။ သူ့စကားက ဧနီးမယားအပေါ် ထားရှိသည့် သဘောထားခံယူချက်။

ကျွန်တော် ကျွန်တော့်မိန်းမကို တန်ဖိုးထားတယ်။ ကျွန်တော့်ဘဝ ကျွန်တော့်လောကမှာ ကျွန်တော့်မိန်းမထက် ထို့အတူ ကိုယ့်၏ခင်ပွန်းယောကျ်ားက မိမိကို အထင်ကြီး တန်ဖိုးထားမှန်းသိလျှင် မိန်းမတို့သည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်ကြီးဝင်ကြသည်ကို တွေ့ရ၏။

ထိုကိစ္စနှင့် ပတ်သက်၍ မိတ်ဆွေတစ်ဦးက ရင်ဖွင့်ဖူး၏။

"မပြောချင်ပါဘူး မြတ်ကြီးရာ၊ မိန်းမတွေဟာ ဘာဖြစ်လို့ ဝိဒေဟရာဇ်မင်းကြီးရဲ့ ပုတ်သင်ညို ဖြစ်ဖြစ်သွားကြသလဲ မသိဘူး၊ နည်းနည်းလေးမှ သူတို့ကို အထင်ကြီး တန်ဖိုးထားပြီး နေရာပေးလို့ မရဘူး၊ အထင်ကြီးပုံရိပ်နဲ့ တန်ဖိုးထားပုံရိပ်ပြတာနဲ့ ဆရာလုပ်ဖို့ ကြိုးစားတော့တာပါပဲ"

ဤသည်မှာ မိန်းမပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းဖြစ်သလို စောင့်စည်းအပ်သည့် အကြောင်းတစ်ခုလည်း ဖြစ်လေသည်။

မကြာသေးမီကာလက ကျွန်တော့်ထံသို့ အမျိုးသမီးမိတ်ဆွေတစ်ဦး ရောက်လာ၏။ သူက ကျွန်တော့်ဇနီး၏မိတ်ဆွေလည်းဖြစ်သည်။ ဇနီးနှင့်လည်း ခင်သည်။ သူမက ...

"ကိုမြတ်နဲ့ မမအေးတို့ ရှေ့မှာပဲ မေးရမယ်၊ ကိုမြတ်က မမအေးကို အထင်ကြီး တန်ဖိုးထားတယ်၊ ကိုမြတ် အဲဒီလို မမအေးအပေါ် အထင်ကြီး တန်ဖိုးထားလာအောင် မမအေး ဘယ်လိုနေထိုင် ကျင့်ကြံခဲ့သလဲ၊ မမအေး ပြောပြပါလား"

အားမာန်သစ်စာပေ

ဟု မေးသည်။ ဓနီးက ယောကျ်ားရဲ့ အထင်ကြီး တန်ဖိုးထားတဲ့ မိန်းမတစ်ဦးဖြစ်ဖို့အတွက် အဓိကသည် ယောကျ်ားသဘော၊ ယောကျ်ားအကြိုက်ကို လိုက်နိုင်ဖို့ဟု အကျဉ်းချုံးဖြေသည်။

ကျွန်တော်ကမူ ကျမ်းဂန်နှင့် ညှိဖြေရ၏။ ယောကျ်ားတို့သဘောက ကိုယ်တိုင်ဆိုးသွမ်းသူဖြစ်သော်လည်း ယဉ်ကျေးသော မြင့်မြတ်သော မိန်းမကိုမှ နှစ်သက်ကြောင်း၊ လော်လည်ဖောက်ပြားမှုကို ရွံမုန်းကြောင်း၊ အထင်မကြီး တန်ဖိုးမထားသကဲ့သို့ မာန်တက်သည်ကိုလည်း မနှစ်သက်ကြောင်း ပြောပြရာ သူမက တိကျစွာ ရှင်းပြရန်ဆိုသဖြင့် ကျမ်းဂန်အဆိုအတိုင်း ပြောပြရသည်။

### (က) ယောကျ်ားတို့နှစ်သက်တန်ဖိုးထားသည့်မိန်းမ(မယား)

၁။ အိပ်ရာနေရာ အစားအသောက်တို့ကို သန့်ရှင်းစွာ စားသောက်နေထိုင်လေ့ရှိခြင်း။

၂။ ယောကျ်ားတစ်ပါးသို့ စိတ်နှလုံး မကူးခြင်း။

၃။ လင်ရှာ၍ရသော ပစ္စည်းတို့ကို ကောင်းစွာသိမ်း၍ လုံ့လပြင်းစွာ အားထုတ်ခြင်း။

၄။ လင်အိပ်ရာမထမီ ရှေးဦးစွာထခြင်း။

၅။ လင့်နောက်မှ အိပ်ရာဝင်ခြင်း

၆။ အလုပ်အကြံ၊ လင်၏အစီအမံကို ခံယူခြင်း။
၇။ လင့်အာဏာကို မဆန်၊ အလိုသို့လိုက်ခြင်း။
၈။ ပိယဝါစာ ချစ်ဖွယ်သောစကားကို ပြောလေ့ရှိခြင်း။
၉။ အပူအမျက်တို့ကို သိတတ်ခြင်း။
(မိန်းမမြတ်အင်္ဂါ (၉)ရပ်ဟုလည်း ခေါ်သည်)။

## (၁) ယောကျာ်းတို့မနှစ်သက်သည့်မိန်းမ (မယား)

### ၁။ လော်လည်သောမိန်းမ

(က) ကုန်ကုန်ခန်းခန်း၊ စည်းကမ်းမရှိ၊ အသုံးအစွဲ၌ လော်လည်ခြင်း။
(ခ) အချိန်မရွေး၊ အဆင့်အတန်း မချင့်ချိန်ဘဲ အစား၌ လော်လည်ခြင်း။
(ဂ) ကောင်းသည် ဆိုးသည်ဟူ၍ သဘောအတိုင်းပဲ အဝတ်၌ လော်လည်ခြင်း။
(ဃ) လမ်းရှိရာ၌ မသွားဘဲ ကောက်ကောက်ကွေ့ကွေ့ ပတ်ဝင်သည်ထွက် အသွား၌ လော်လည်ခြင်း။
(င) မိမိလင်ရှိလျက် အခြားသော ယောကျာ်းများနှင့် ပျော်ပါးလွန်ကျူး၍ လော်လည်ခြင်း။

၂။ မာန်တက်တတ်သောမိန်းမ

(က) အဆင်းလှခြင်းကြောင့် အဆင်း၌ မာန်တက်ခြင်း။

(ခ) အမျိုးအဆွေများခြင်းကြောင့် အမျိုး၌မာန်တက်ခြင်း။

(ဂ) အနွယ်၏မြင့်မြတ်ခြင်းကြောင့် အနွယ်ကြောင့်မာန်တက်ခြင်း။

(ဃ) နေဥစ္စာပြည့်စုံခြင်းကြောင့် ဥစ္စာ၏မာန်တက်ခြင်း။

၃။ မိန်းမတို့ထိန်းသိမ်းရမည့် အပြစ်များ

(က) သေရည် သေရက် သောက်စားတတ်သောမိန်းမ။

(ခ) အိမ်ထောင်မှုကို မထိန်းသိမ်းသောမိန်းမ။

(ဂ) လင်ကို ရန်ပြုတတ်သောမိန်းမ။

(ဃ) သူ့အိမ်ရာသို့ လှည့်လည်၍ သူတစ်ပါးအကြောင်းကို မကောင်းပြောတတ်သောမိန်းမ။

(င) အိမ်တံခါးကို ပိတ်၍နေတတ်သောမိန်းမ။

(စ) မိမိလင်ကဲ့သို့ အခြားယောကျ်ားကို အကျွမ်းတဝင် ပြုံးရယ်၍ ပြောတတ်သောမိန်းမ။

ကျွန်တော်က ဤသို့ရှင်းပြလျှင် သူက "ယောကျ်ားတန်ဖိုးထားတဲ့ အထင်ကြီးတဲ့မိန်းမ ဖြစ်ဖို့ မလွယ်ပါလားဟု ပြောသည်။

"ဒါ မကုန်သေးဘူးကွ၊ ရှိသေးတယ်၊ ယောကျ်ားတွေ မလေးစား အထင်မကြီးတဲ့ မိန်းမဆိုတာလည်း ရှိတယ်"

"ဒါက ဘာလဲ ကိုမြဝင်"

"ယောကျ်ားတွေ အထင်မကြီးတဲ့၊ မပေါင်းသင်းထိုက်ဘူးလို့တောင် ယူဆထားတဲ့ မိန်းမတွေ ရှိသေးတယ်။ ဒါတွေက ...

(၁) ဥယျာဉ်၊ ပွဲလမ်းသဘင်မှာ တွေ့ပြီး ချစ်ခင်စုံမက်ပေါင်းဖက်မိတဲ့ မိန်းမ။

(၂) မိဘတွေရှိပါလျက်နဲ့ လူသိရှင်ကြား မထိမ်းမြားဘဲရတဲ့ မိန်းမ။

(၃) တစ်ပါးယောကျ်ားတွေနဲ့ များစွာအကျွမ်းတဝင်ပြုလေ့ရှိတဲ့ မိန်းမ။

(၄) လွယ်လင့်တကူရသော မိန်းမ။

(၅) သီချင်းဟာစ်ဆိုတတ်သော၊ မပြတ်သီချင်းဆိုနေတတ်သော မိန်းမ။

အဲဒီမိန်းမမျိုးတွေကို ယောကျ်ားတွေက အထင်ကြီး တန်ဖိုးထားဖို့ နေနေသာသာ မပေါင်းထိုက်ဖူးရှိဖွှောင် ယူဆထားကြတယ်လေ"

"ဒါဆို မိန်းမမြတ်တွေကိုမှ ယောက်ျားတွေက အထင်ကြီး တန်ဖိုးထားတယ်ပေါ့၊ ယောက်ျားအထင်ကြီး တန်ဖိုးထားတဲ့ မိန်းမဟာ မိန်းမမြတ်ပေါ့"

"အစစ်ပေါ့၊ နင် စဉ်းစားကြည့်လေ၊ အိမ်ထောင်တစ်ခုမှာ လင်ယောက်ျားထက် အရေးကြီးတာ ဘာရှိလဲ၊ အိမ်ထောင်သည်ဘဝမှာ မိန်းမအတွက် လင်ယောက်ျားဟာ အဓိကလေ၊ သူဟာ အရှင်သခင်လည်းဖြစ်တယ်၊ အရှင်သခင်ဖြစ်တဲ့ လင်ယောက်ျားရဲ့ တန်ဖိုးထားခြင်း ခံရသူဟာ မြင့်မြတ်သူပဲပေါ့၊ မိန်းမတစ်ယောက်ရဲ့ အလှဆုံးပုံရိပ် ထင်ဟပ်မှုဆိုတာလည်း မှားသလား"

ॐ

(၃)

ကျွန်တော် မှတ်မိနေသေးသည်။ ကျွန်တော်နှင့်ဇနီးသည် ပြည်မြို့သို့သွားစဉ် ရွှေဆံတော်ကုန်းပေါ်တွင် ဆုံရသည့် အဘိုးဖြူမှ ပြောဆိုညွှန်ပြခဲ့သည့် စကားဖြစ်သည်။

အဘိုးဖြူ လမ်းညွှန်ပြသည့်စကားက အခြားမဟုတ်။ "ငါ့သမီးကို ကြုံတုန်း အဘ ပြောရဦးမယ်။ ကိုယ့်ကိုယ်ကိုယ် မိန်းမမြတ်ဖြစ်အောင် ကြိုးစား၊ 'တည်ကြည်တဲ့ ကိုယ်ကျင့်တရားနဲ့ ဟီရိဩတ္တပ္ပတရားဟာ မိန်းမမြတ်တို့ ဥစ္စာပဲ၊ လင်သား အထင်ကြီး လေးစားမြတ်နိုး တန်ဖိုးထားတဲ့ မိန်းမကို နတ်ကောင်းနတ်မြတ်တွေကလည်း ကောင်းချီးပေးတယ် ...

"ပြီးတော့ သမီးတို့ဟာ 'ဘဒ္ဒကဥ္စနာယသော်ဓရာ ဒေဝီ'ကို စံပြုအတုယူရမယ်၊ သမီး စဉ်းစားကြည့်စမ်း၊ ဘဒ္ဒကဥ္စနာဟာ ချစ်လင်သိဒ္ဓတ္ထ တောထွက်သွားပြီး တော ရပ်မှာ ဝတ်ကြောင်စွန့်တယ် ကြားတော့၊ သူလည်း ဝတ် ကြောင်စွန့်တယ်၊ မြေမွေ့ရာမှာ ကျိန်းစက်တယ်ဆိုတော့ သူလည်း သလွန်ညောင်စောင်းမှာ မအိပ်စက်ဘူး၊ ချစ်လင် နေ့လွဲ ညစာ မစားဘူးဆိုတော့လည်း သူလည်း မစားဘူး၊ ဒါဟာ နမူနာယူစရာပဲ၊ ဒါကြောင့်လည်း ဗုဒ္ဓကိုယ်တိုင် ယသော်ဓရာကို မဟာကျေးဇူးရှင်လို့ ဥဒါန်းကျူးခဲ့တာ ပေါ့။ ဗုဒ္ဓကိုယ်တိုင် အထင်ကြီး လေးစားတန်ဖိုးထားတဲ့ ယသော်ဓရာလို သမီးတို့ မဖြစ်သင့်ဘူးလား၊ ဒါဟာ မိန်းတစ်ဦးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အလှတရားပဲ"

မှန်သည်၊ ကျွန်တော့်နားထဲတွင် ကြားနေဆဲ၊ စွဲနေ ဆဲ။

"ယောကျ်ားရဲ့အထင်ကြီး တန်ဖိုးထားခံရခြင်းဟာ **မိန်းမ** တစ်ဦးအတွက် အလှပုံရိပ်၊ တန်ဖိုးမဖြတ်နိုင်သော အလှ တရား"တဲ့။

"တည်ကြည်သော ကိုယ်ကျင့်တရားနဲ့ ဟိရိသြတ္တပ္ပတရား ဟာ မိန်းမမြတ်တို့ရဲ့ဥစ္စာ"တဲ့။

အားမာန်သစ်စာပေ

လောကဌ် လင်ယောကျ်ား လေးစား၊ အံထင်ကြီး၊ တန်ဖိုးထားသော မိန်းမဦးရေ များလာမည်။ မိန်းမများ ကိုယ်တိုင်လည်း မိန်းမမြတ်ဖြစ်အောင် ကြိုးစားမည်ဆိုလျှင် ကမ္ဘာကြီးသည် ပြာလွင်အေးချမ်းလာမည်မှာ မုချဟုဆိုလျှင် လွန်အံ့မထင်မိပါချေ။

# မိန်းမနှင့် သူတို့၏လျှို့ဝှက်အပ်သော
# ချစ်စရာကိစ္စများ

## မိန်းမနှင့် သူတို့၏လျှို့ဝှက်အပ်သော ချစ်စရာကိစ္စများ

ယောကျ်ားတို့လောကတွင် မိန်းမတို့၏ ချစ်စဖွယ်ကိစ္စများသည် အဘယ်နည်းဟု မေးမြန်းစပ်စုသည့် ကိစ္စများရှိ၏။ ထိုကိစ္စသည် လျှို့ဝှက်သောကိစ္စ မှည်၏။ ယောကျ်ားအများစု မသိနိုင်ကြသလို မိန်းကလေးများ ကိုယ်တိုင်လည်း ပြည့်ပြည့်စုံစုံ မသိကြချေ။

အချို့က သိသလိုနှင့် မသိကြ။

အချို့က သိပင်သိငြားသော်လည်း ယောကျ်ားများ နားလည်စေရန် ပြန်မပြောတတ်ကြ။

ကျွတ္ထိယသုတတေသနပညာရှင်များကမူ မိန်းမများနှင့် သူတို့၏ ချစ်စရာကောင်းသော အရာများဆိုသည်မှာအခြားကားမဟုတ်။ "ဆန့်ကျင်ဘက်လိင်များဖြစ်သည့် ယောကျ်ားများ

အား ဆွဲဆောင်နိုင်စွမ်းရှိသူ၊ ဆန့်ကျင်ဘက်လိင်ဖြစ်သည့်ယောက်ျား များအား နားလည်တတ်ကျွမ်းသူများပင် ဖြစ်သည်”ဟု ဖွင့်ဆို တတ်ကြသည်။ သို့သော် မိန်းမများကို လေ့လာလျှင် ထူးခြား သော သွင်ပြင်လက္ခဏာတစ်ခု ရှိသည်ကို တွေ့ရမည်ဖြစ်၏။ ဤကား အခြားမဟုတ်။ မိန်းမများ၏ အစ္စျတ္တနှင့် ပတ်သက်၍ တိကျစွာ လေ့လာသုံးသပ်ကြည့်မည် ဆိုလျှင် မိန်းမများသည် ဥပေက္ခာပြုတတ်သူများ မဟုတ်ကြ။

မိန်းမများသည် ယောက်ျားကို အစဉ်အမြဲ လေ့လာ အကဲခတ်နေတတ်သည်။ သူတို့မြတ်နိုးသည့် ယောက်ျားများကို အချိန်ကုန် လူပင်ပန်းခံကာ စူးစမ်းလေ့လာနေတတ်သည်။

ဤသည်မှာ မိန်းမတို့အတွက် ထူးခြားသော အရည် အချင်းဖြစ်သည်။

ဤအရည်အချင်းသည် မိန်းမများ၏ ချစ်စရာ ကောင်းသော အရည်အသွေးအတွက် အဓိကဖြစ်သည်။ ရုပ်ရည် နှင့် ပညာအရည်အချင်းတို့အတွက် အရေးကြီးသည်ဟု ဆိုရ မည်။

ဤသည်မှာ မိန်းမများအတွက် အထူးတလည် သိသင့်သော အချက်များဖြစ်သည်။ ဤသည်မှာ ချစ်စရာကောင်း သော အမျိုးသမီးများအတွက် အလိုအလျောက် သိထားသင့်သော၊ သိထားထိုက်သော အချက်များဆိုလည်း မမှားချေ။

**ဘာသာနှင့်သစ်စာပေ**

## မိန်းမများ၏ ချစ်စရာကောင်းကွက်များ

၁။ ယောကျ်ားအများစုသည် "မိခင်ကောင်း"ကို အမြဲတမ်း ရှာဖွေလျက်ရှိသည်။ ဤသည်မှာ ယောကျ်ားများအဖို့ သူမအမျိုးသားများသာလျှင် သူ့ဘဝအတွက် အရေးကြီးဆုံးသော အရာ ဖြစ်သောကြောင့်တည်း။

သူမသည် သူ့အား မိမိနှင့်တကွ တခြားသူ အားလုံးသော အရာတို့ထက် တန်ဖိုးထားကြသည်။ အဘယ်ကြောင့်ဆိုသော် မိန်းမများသည် သူချစ်မြတ်နိုးသော ယောကျ်ား၏ အမြတ်တနိုး ရှာဖွေပေးသော ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားနှင့် အသုံးအဆောင် ပစ္စည်းများထက် သူ့ချစ်သူ၏ ချစ်ခြင်းနှင့် ကြင်နာမှုကို မြတ်နိုးတွယ်တာကြ၏။ တန်ဖိုးထားကြ၏။ မိန်းမသည် မိမိ၏ကလေး၊ ခင်ပွန်း၊ မိခင်နှင့် အခြားသူများ၏ အကျိုးကိုလည်း ငြင်းပယ်သည့် အလေ့အထ မရှိကြ။ တန်းတူထားကြ၏။

အကယ်၍ မမျှော်လင့်ဘဲ ခွဲခြားဆက်ဆံမိလျှင် မိန်းမတို့၏ ချစ်စရာကောင်းသော ကောင်းကွက်သည် အလိုလို ပျောက်ကွယ်သွားမည်ဖြစ်၏။

မိန်းမများသည် ခင်ပွန်းသည်အား အမြဲဂရုပြုကြ၏။ အပြင်ထွက်လျှင် ဘယ်နေရာတွင်ရှိသည်ကို သိလိုကြသလို

အိမ်ရောက်လျှင်လည်း အိမ်မှာသာ ရှိစေချင်သည်၊ ဤသည်မှာ မိန်းမတို့ ဂရုပြုမှုဆိုချက်လည်း မည်သည်။

မိန်းမတို့သည် အားကိုးအားထားပြုမှုကို အလေးထားသည်။ မိမိတို့ လင်ယောက်ျားက အားကိုးကြောင်း ပေါ်လွင်သိသာလျှင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ပိုကြီးလာစမြဲဖြစ်၏။

သို့သော် ဤကိစ္စအား ယောက်ျားတို့အနေနှင့် မည်သည့်အခါမျှ ထောက်ပြရန် မလိုအပ်ပေချေ။ အဘယ့်ကြောင့်ဆိုသော် မိန်းမတို့သည် မည်သူ့ကိုမျှ အားမကိုးဟု ဂုဏ်ယူတတ်သောကြောင့်တည်း။ ဤသည်မှာ မိန်းမတို့၏ ချစ်စရာကောင်းသော ကောင်းကွက်လည်း မည်သည်။ ဇနီးကောင်းအင်္ဂါမည်၏။

မိန်းမတို့သည် ယောက်ျားအတွက် အစဉ်အမြဲ ဂရုစိုက်ပြီး အဝတ်အစားရွေးချယ်ပေးခြင်းများ ပြုလုပ်ပေးခဲ့သော်လည်း ယင်းသို့ပြုလုပ်ပေးခြင်းများသည် သူ့ကိုယ်စား လုပ်ပေးခြင်း သို့မဟုတ် အသုံးမကျမှုကြောင့် လုပ်ပေးခြင်းဟု ထုတ်ဖော်ပြောမည် မဟုတ်ချေ။

၂။ မိန်းမများသည် လျှို့ဝှက်တတ်သူများဟု အများအမြင်တွင်ရှိကြသော်လည်း အမှန်တွင်မူ မည်သည့်ကိစ္စမျှ လျှို့ဝှက်ထားသည့် အလေ့အထ မရှိကြချေ။ လျှို့ဝှက်မထားကြပေ။

ထို့အတူ စိတ်ဆိုးလျှင် ပျက်စီးအောင် ကြံဆောင်ခြင်း၊ ဖျက်လိုဖျက်ဆီးလုပ်ခြင်း (သို့မဟုတ်) စိတ်ကောက်ခြင်း

တို့ကို မပြုလုပ်ကြချေ။ သို့သော် ပြောလိုသည်ကို ပြောတတ်ကြ၏။ ပြီးလျှင် ခွင့်လွှတ်တတ်ကြ၏။ မေ့ပစ်တတ်ကြ၏။

၃။ မိန်းမတို့သည် မိမိမြတ်နိုးသူ၏ အပြုအမူ၊ လုပ်ဆောင်ချက်အား ငြင်းဆန်ရန် အခွင့်အရေး ရှိသော်လည်း ငြင်းဆန်ခြင်း မပြုတတ်။ လက်မခံသော အမူအရာပြခြင်း မရှိကြ။ မသိကျိုးကျွန်ပြုနေဟတတ်၏။

သို့သော် မိန်းမတို့သည် အမူအရာဖြင့် "ရှင်ကောင်းရင် ကျွန်မလည်း ကောင်းပါမည်"ဟု အရိပ်လက္ခဏာ ပြတတ်၏။ ထိုအခါ ယောကျ်ားတို့အဖို့ ကိုယ်က အလျှင်စရမည်။ အရေးကြီးဆုံးမှာ ပဏာမအနေနှင့် သဟဇာတဖြစ်ဖို့ပင်။ ဤသည်မှာ အရေးကြီးဆုံး အခန်းကဏ္ဍမည်၏။

၄။ မိန်းမတို့သည် ယောကျ်ားတို့၏ သဘောဆန္ဒကို အများဆုံး လိုက်လျောသူများဖြစ်၏။ အစဉ်အမြဲ လိုက်လျောခြင်းဖြင့် ဆန္ဒဖြည့်ပေးတတ်သည်။ ဟန့်တားဆန့်ကျင်မှု တစ်ခါတစ်ရံ ပြုတတ်သော်လည်း မာကျောမှု မရှိပေ။

၅။ မိန်းမတို့သည် ယောကျ်ားတို့အတွက် အထူးအရေးပါသူ ဖြစ်သည်ကို သူတို့ကိုယ်တိုင် အမြဲခံယူ သိထားကြသည်။

(က) မိန်းမတို့သည် အစဉ်အမြဲ လိုက်လျောသူ ဖြစ်စေချင်ကြ၏။ ယောကျ်ား၏ ကြီးမာသောစိတ်ဆန္ဒမှန်

သမျှအား ဖြစ်သည့်နည်းနှင့် လိုက်လျောရင်း ကျေနပ်နေတတ်သည်။ သို့ဖြင့် ယောကျ်ား၏ကျေးဇူးတင်ခြင်းကို ခံယူပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေတတ်သည်။

(ခ) မိန်းမတို့၏ နှလုံးသားတွင်လည်းကောင်း၊ အသိတွင်လည်းကောင်း၊ ယောကျ်ား၏ကြီးမားသောဆန္ဒကို ငြင်းပယ်ခြင်းသည် အရာရာအားငြင်းပယ်ခြင်းနှင့်တူညီသည်ဟုခံယူသည်။ တစ်ခါတစ်ရံ ယောကျ်ား၏ဆန္ဒနှင့် မကိုက်ညီသော်လည်း အထူးဂရုပြုလိုက်လျော၏။

(ဂ) ချစ်စရာကောင်းသော မိန်းမများသည် လှပအောင မှုန်းခြယ်သခြင်း ပြုတတ်ကြ၏။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားအများစု၏ စိတ်ဝင်စားမှုများတွင် မှုန်းခြယ်သမှုသည် တစ်ခုဖြစ်ကြောင်း နားလည်ထားကြသောကြောင့်တည်း။

(ဃ) မိန်းမများသည် ယောကျ်ားဖြစ်သူမှာ အဘယ်မျှပင် သဘောထားပြည့်ဝသူ၊ ခွင့်လွှတ်တတ်သူဖြစ်စေကာမူ ပျံတန်တန် ကလက်တက်တက် ပြုမူမှုတို့ကို မကြိုက်ကြောင်း သိထားသဖြင့် မိမိဆန္ဒကိုချုပ်ထိန်း၍ ယောကျ်ားသဘောအတိုင်း နေတတ်သည်။

(င) မိန်းမအများစုသည် တုံ့ပြန်တတ်သော မေတ္တာ၏ သဘောကို သိထားကြသည်။ ဤကဲ့သို့ပင် မိမိ၏ ဘဝ၊ အလုပ်သည် ယောက်ျားဖြစ်သူ၏ စိတ်ဝင်စားမှု တုံ့ပြန်ရရှိရန် အကြောင်းတရားဟု သိထားကြသည်။

၆။ မိန်းမအများစု၏ ချစ်စရာကောင်းသော အချက်အလက်များစွာထဲတွင် "သိတတ်မှု"သည် တစ်ခုအပါအဝင်ဟုဆိုရမည်။ မိန်းမတို့သည် ယောက်ျားကို အစဉ်အလေးထား၏။ ယောက်ျားအများစုသည် အားကစားနှင့် အပေါင်းအသင်း ခုံမင်ကြောင်း သိထားသလို ထိုကိစ္စအထဲ နစ်မြုပ်နေခြင်းသည် မိမိကို ဂရုမပြုခြင်း မဟုတ်ဟု နားလည်တတ်ကြသည်။

၇။ မိန်းမတို့သည် ယောက်ျားများ၏ ကြိုးဆွဲသည့် အပြုအမူမျိုးကို မနှစ်သက်ကြချေ။ ကိုယ်တိုင်လည်း ကြိုးဆွဲခြင်း သဘော သက်ဝင်သည့် အပြုအမူများကို မပြုလုပ်ကြပေ။ သို့သော် အချို့သော ချစ်စရာမကောင်းသည့် မိန်းမများကမူ လင်ယောက်ျား အလာကို တံခါးဝမှ စောင့်ကြိုလျက် အခက်အခဲများ ပြဿနာများကို တင်ပြကာ ယောက်ျားများအား ကြိုးဆွဲနိုင်ရန် ကြိုးစားကြသည်။ စင်စစ်မူ ဤသို့ပြုလုပ်မှုကြောင့် ယောက်ျားများ စိတ်ရှုပ်ထွေးတတ်သည်။ အခြားသော လုပ်ဆောင်စရာကိစ္စရပ်များအား မလုပ်လိုဘဲ စိတ်ရှုပ်ထွေးသွားတတ်သည်။

ဤအပြုအမူမျိုးကို ချစ်စရာကောင်းသော မိန်းမများသည် မလုပ်ကြပေ။

၈။ ချစ်စရာကောင်းသော မိန်းမများသည် မိမိချစ်မြတ်နိုးသောသူ၊ မိမိ၏လင်ယောကျ်ားအား ဘယ်သောအခါမှ စိတ်နှစ်ခွဖြစ်စေသော ကိစ္စရပ်များကိုမပြုလုပ်။ ဤကဲ့သို့ပင် မိမိ၏ယောကျ်ားဖြစ်သူ၏ အလုပ်ချိန်ကြန့်ကြာမှု၊ အချိန်ကြာမှုကိုမသိကျိုးကျွန်ပြုနိုင်ကြသည်။ အပြစ်ယူသည့်အရှေ့အထလည်းမရှိချေ။

၉။ ယောကျ်ားအတော်များများသည် မိန်းမတို့အား လျှော့တွက်တတ်သည့် အလေ့အထရှိသည်။ ဤသည်မှာ အများအယွင်းတစ်ခုသာဖြစ်သည်။ စင်စစ်မှု မိန်းမဆိုသော သူများသည် လျှော့တွက်သင့်သူများ မဟုတ်ကြ။

အဘယ်ကြောင့်ဆိုသော် မိန်းမတို့သည် မိမိကိုယ်မိမိ မည်ကဲ့သို့ရှိကြောင်း၊ မည်မျှတန်ဖိုးရှိကြောင်း၊ လက်ရှိ မည်သည့်နေရာတွင် ရပ်တည်နေကြောင်းကို ကောင်းစွာ သဘောပေါက်နားလည်သူများလည်း ဖြစ်၏။

ထို့အတူ မိမိကို အလေးအနက်ထားခြင်းဖြင့် မိမိမှာလည်း လောကကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း တုံ့ပြန်အလေးအနက်ထား ခံစားတတ်သူများဖြစ်ပေသည်။ အတိုချုပ်ဆိုရလျှင် သူတို့အား ချစ်စရာကောင်းသူများအဖြစ် သိရှိလာရမည်ဖြစ်၏။

## အလေးအနက်ပြုမှုသင်္ကေတ
## သို့မဟုတ်
## မိန်းမတို့၏ ချစ်ရေးကောင်းကွက်ကို သိပါစေ

မိန်းမဆိုသည်မှာ ဖြည့်ဆည်းနားလည်တတ်သူ ဖြစ်၏။ သို့သော် မိန်းမများသည် ယောကျ်ားများ ထင်မြင်သလို မိမိအား "ခင့်ကိုချစ်တယ်"ဆိုသော စကားအား အကြိမ်ကြိမ် အထပ်ထပ် ပြောသည်ကို လိုလားသည့်ဆန္ဒ မရှိကြချေ။ ဤကဲ့သို့ပင် "ခင်လုပ်တာ ကောင်းရဲ့လား"ဟုလည်း မိမိကိုယ်ကို မယုံကြည်စိတ်နှင့် မေးမြန်းစူးစမ်းသည့် အပြုအမူများကို ပြုလုပ်လိမ့်မည် မဟုတ်ချေ။

"ကျွန်မကို သိပ်ချစ်တယ်ဆိုလို့ ကျွန်မ သူ့ကိုလက်ထပ်ခဲ့တာပါ"

ဟူသော စကားသည် စိတ်မပျော်ရွှင်သော မိန်းမအများစု ပြောတတ်သည့် စကားဟု ဆိုရမည်။

ချစ်စရာကောင်းသော မိန်းမတို့သည် နားလည်မှုရှိကြပေသည်။ ယောကျ်ားတစ်ဦး အရူးအမူး ချစ်နေခြင်း၊ မွှန်နေခြင်းကို အချစ်စစ်ဟု မခံယူကြပေ။

အချစ်ဆိုသည်မှာ ရင့်ကျက်သော ဆန့်ကျင်ဘက်လူသားနှစ်ဦး၏ အပေးအယူမျှတခြင်း၊ တွယ်တာမြတ်နိုးခြင်းဟု

သာ နားလည်သည်။ ထိုအချစ်မျိုးသည် တည်တံ့ခိုင်မြဲ၏။ တစ်ဦးကိုတစ်ဦး နားလည်ခြင်းဖြင့် တိုးတက်ရင့်ကျက်မှု ရှိလာကြောင်း နားလည်ကြသည်။ ယင်းသို့ နားလည်တတ်ခြင်းကပင် သူမအား ယောကျ်ားတစ်ဦးမှ ချဉ်းကပ်နိုင်ရန် လွယ်ကူစေပြီး တုံ့ပြန်အချစ်ကို ရရှိစေနိုင်သည်။

ဤသို့ဖြင့် သူမကို သူမဘက်မှ ပိုမို၍ နားလည်မှု ရရှိစေပြီး နီးစပ်မှုရှိရန် ကြိုးစားနိုင်သည်။ သို့သော် မိန်းမတို့သည် တစ်ကမ္ဘာလုံး၏အချစ်ကို ရယူရန် ကြိုးစားမှုကိုကား ပြုကြမည် မဟုတ်ပေ။

မိန်းမများသည် အလိုရမ္မက်ကြီးသူဟု ဆိုကြသော်လည်း စင်စစ်မူ မိန်းမတို့သည် ယောကျ်ားတစ်ဦး၏ နှစ်နှစ်ကာကာ အချစ်ကိုသာ ခံယူလိုကြ၏။ လိုလားကြ၏။

သို့စေကာမူ မိန်းမများ၏ ချစ်စရာအရည်အသွေးကောင်းများကို စိစစ်ကြလျှင် အားလုံးတူညီနေသည်ဟုမူ မပြောနိုင်ချေ။ ကွဲပြားမှုသည် ရှိမည်ဖြစ်၏။

အရေးကြီးသည်မှာ ယောကျ်ားတို့သည် မိမိကိုယ်ကို တိုးမြင့်ထားပြီး မိန်းမများအား လျှော့တွက်မထားရန်ဖြစ်သည်။ ဤသည်မှာ ကောင်းသောလက္ခဏာ မဟုတ်ချေ။ တန်းတူရည်တူ မျှတစွာ နားလည်ညှိနှိုင်းခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးမှုကို ခံစားရမည်ဖြစ်၏။

အားမာန်သစ်စာပေ

ဤသို့ဖြင့်ပင် မိန်းမတစ်ယောက်၏ သိရန်မလွယ်ကူသော၊ လျှို့ဝှက်သော ချစ်စရာကောင်းကွက်များကို တွေ့ရှိမည်ဖြစ်၏။ ထို့အတူ လူအများသည်လည်း သိမြင်လက်ခံလာမည်ဖြစ်သည်။ ထိုအခါ ပဋိပက္ခ၊ အလိုမကျမှု ကင်းမည်ဖြစ်သလို မေတ္တာတေးသံတို့လည်း ညှိုးညှိုးညံ့လာမည်ဖြစ်၏။

သည်အခါ ကမ္ဘာလောကသည် မုန်တိုင်းကင်းစင်သော ကောင်းကင်ပြင်လို ငြိမ်းချမ်းအေးမြနေမည်မှာ မုချဖြစ်သတည်း။

အားမာန်သစ်စာပေ

ဝိန်းမနှင့်
ကိုယ်ရည်ကိုယ်သွေး

# မိန်းမနှင့်
# ကိုယ်ရည်ကိုယ်သွေး

(၁)

လွန်ခဲ့သောအပတ်က အားမာန်သစ်တွင် ဆရာတက္ကသိုလ်စိန်တင်၊ ကိုညိုမှိုင်းနှင့် ကျွန်တော် ဆုံကြသည်။ စင်စစ်မူ ဆုံသည်မှာမဆန်း။ မကြာခဏ ကျွန်တော်တို့ ဆုံကြသည်ပင်။ ဆုံလျှင် စကားစမြည်ပြောသည်။ စာအုပ်စာပေအကြောင်း ခေတ်ကာလပေါ် ရောဂါအကြောင်းနှင့် ရောက်တတ်ရာရာအကြောင်းများ။ စကားအပြောဆုံးက တက္ကသိုလ်စိန်တင်။ သူ့ကို ဖော်ရွေရင်းနှီးမှုသင်္ကေတလက္ခဏာဟု ကျွန်တော် မှတ်ယူသည်။ သူသည် ဟန်မရှိ။ (ဟန်မလုပ်ဆိုလျှင် ပိုမှန်မည်။)

ကိုညိုမှိုင်းက အတွေ့အကြုံနှင့် တိုးတက်မှုဆိုင်ရာ ဒဿနကို ဖော်ကျူးတတ်သည်။ ကျွန်တော်ကမူ ကိုညိုမှိုင်းနှင့်

စကားပြောရသည်ကို တက်ကျမ်းတစ်ခု ဖတ်ရသလို ခံစားသည်။ ကိုညိုမှိုင်းကလည်း စေတနာနှင့် မှတ်သားဖွယ်ရာကို ပြောပြတတ်သည်။

ဒီကနေ့က ပြောသည့်စကား။ ထိုစကားကလည်း မှတ်သားစရာပင်။ မိန်းမသုံးယောက်ယူသော ယောက်ျားတစ်ယောက်အကြောင်း။ အကြောင်းက ဤသို့တည်း။ ယောက်ျားက အဆင်ပြေသည်။ မိန်းမသုံးယောက် ယူထားသည်။ ကြီးစဉ်ငယ်လိုက် လေးစားယုံကြည်ရသည်။ ပြဿနာမရှိ။ မယားကြီးက နယ်မှာနေသည်။

နယ်မှာနေသည့် မယားကြီး ရန်ကုန်သို့အလာ အငယ်နှစ်ယောက်က ကြိုရသည်။ ရန်ကုန်အိမ်တွင် သုံးယောက်ဆုံသည်။ အဆင်ပြေသော်လည်း ထမင်းဝိုင်းတွင် ပြဿနာကလေးတစ်ခုဖြစ်သည်။ ဟင်းခွက်တွင် ဗွန်းတစ်ချောင်း လိုသည်က စသည်။ ဇွန်းတစ်ချောင်းလို၍ ယူရမည်။ သူ ယူနိုးနိုး၊ ငါ ယူနိုးနိုးနှင့် အချိန်ကြာသွားသည်။

ထိုအခါ ယောက်ျားက "ငါ ဘာမှလိုလေသေးမရှိအောင် ပြည့်စုံအောင်ထားတယ်။ ငါကလည်း လိုတာဆို ဘာမှ မကြိုက်ဘူး။ ခု လိုအပ်ချက် တွေ့ရပြန်ပြီ။ ဇွန်းယူဖို့ တစ်ယောက်ထပ်ယူမှ ဖြစ်မယ်ထင်တယ်"ဟု ပြောသည်။ ထိုအခါ မိန်းမသုံးယောက် ပြိုင်တူ ထမင်းဝိုင်းမှ ထကြသည်ဟု ဖြစ်သည်။

ထိုအခါ တက္ကသိုလ်စိန်တင်က ဝတ္ထုတိုတစ်ပုဒ်ဟု ပြောသည်။

ကျွန်တော်ကမူ မိန်းမသုတေသနသမားမို့ သုတေသနအမြင်နှင့်ကြည့်သည်။ လိုအပ်ချက်ရှာရမည်ဟု တွေးသည်။ မှန်သည်။ ဤသည်မှာ မိန်းမတို့အတွက် ကွက်လပ်တစ်ခု။

(၂)

မိန်းမဆိုတာ ယောကျ်ားတို့၏ "အဖြည့်ခံ"ဘဝ အတွက် လူဖြစ်လာသည် မဟုတ်ချေ။ အကယ်၍ မိန်းမတစ်ဦး သည် မိမိကိုယ်မိမိ "အဖြည့်ခံ"အဖြစ် ခံယူမည်ဆိုလျှင် ထိုမိန်း ကလေးကို ကိုယ်ရည်ကိုယ်သွေးညံ့သူဟု နားလည်ရမည်။

ယောကျ်ားတစ်ဦးက မိန်းမဆိုတာ ယောကျ်ားတွေ ရဲ့အဖြည့်ခံလို့ သတ်မှတ်ခေါ်ဆိုမည်ဆိုလျှင်လည်း ထိုယောကျ်ား သည် တိုးတက်မှုမရှိသော ဟောင်းအိုနေသည့် မဟာယောကျ်ား ဝါဒနွံထဲမှ အမှိုက်သရိုက်သာ ဖြစ်သည်။

ဒီကနေ့ ခေတ်ကာလတွင် မိန်းမသည် အဖြည့်ခံ မဟုတ်သကဲ့သို့ ယောကျ်ားသည်လည်း မဟာယောကျ်ားမဟုတ်

ချေ။ တိုးတက်မှုအတွက် မောင်တစ်ထမ်း မယ်တစ်ရွက် ပြုရမည့် အချိန်သာဖြစ်သည်။ သာတူညီမျှ ခံစားရမည့် ကာလတည်း။

သို့သော် မိန်းမများသည် အဘယ်ကြောင့် ကိုယ့်ကိုယ်ကိုယ် အနိမ့်ခံဘက်သို့ သွတ်သွင်းနေကြသနည်း။

"ဒီကနေ့ခေတ်၊ ဒီကနေ့ကာလမှာ မိန်းမတွေအနေနဲ့ ငါတို့ဟာ ယောကျ်ားရဲ့အဖြည့်ခံဘ၀၊ မီးဖိုချောင်နဲ့ အိမ်သချိုင်းမှာ မြှုပ်နှံသူတွေလို့ မသတ်မှတ်သင့်တော့ဘူး။ မိန်းမဟာ အားဖြည့်ကူညီသူပဲ ဖြစ်သင့်တယ်။ ဒီအခွင့်အရေးကိုလည်း ယောကျ်ားတို့ဘက်က နားလည်တတ်စွာ ပေးသင့်တယ်"

တိုးတက်သော ရုရှားအမျိုးသမီးကြီးတစ်ဦး၏စကားဖြစ်သည်။ ကမ္ဘာအရပ်ရပ်တွင် လက်ခံကျင့်သုံးလာသည်ကိုလည်း ဝမ်းသာဖွယ် တွေ့ရသည်။ ဤသည်မှာ အမျိုးသမီးထု၏တိုက်ပွဲ။ ဤသည်မှာ အမျိုးသမီးထု၏ အနာဂတ်ခိုင်မာမှုဟု ဆိုနိုင်သည်။

အနောက်နိုင်ငံများတွင် မိန်းမနှင့်ပတ်သက်၍ အားတက်စရာတစ်ခု တွေ့ရသည်။ ခင်ပွန်းဖြစ်သူ ရှေ့တန်းသို့ရောက်လျှင် ဇနီးသည်များ နေရာရလာခြင်း၊ ခင်ပွန်းသည်နှင့်အတူ နိုင်ငံအကျိုး တက်ညီလက်ညီ ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။

ယင်းသို့ တက်ညီလက်ညီ ဆောင်ရွက်ခြင်းဖြင့် တိုးတက်အောင်မြင်ခြင်းကိုလည်း ရရှိနိုင်သည်။ "တစ်ယောက်

အားနှင့်ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ရှေးစကားရှိ၏။ ဤစကားသည် နှလုံးသွင်း သတိချပ်ရမည့် စကားလည်း ဖြစ်ပေသည်။

တစ်ခါက ကျွန်တော့်အား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက "ဆရာမြတ်ရဲ့ခုတလော မိန်းမအကြောင်း ဆောင်းပါးတွေကို သုံးသပ်ကြည့်ရင် မိန်းမတွေကို နောက်ချန်မထားဖို့၊ နေရာပေးဖို့ ပြောနေသလိုပဲ"ဟု ပြောသည်။ ကျွန်တော် ဝန်ခံခဲ့သည်။

"နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ခြင်း အကြောင်းအရာပေါင်းများစွာထဲမှာ မိန်းမများ နေရာရရှိခြင်းလည်း ပါတယ်မဟုတ်လား"

"ဟုတ်တယ် ဆရာမြတ်"

သူ ဝန်ခံသည်။ သူ၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအကြောင်းများကို ဆန်းစစ်ဝေဖန်လျှင် သူ့မိန်းမ၏အကြံဉာဏ်များ၊ အစွမ်းအစများ၊ ကိုယ်ရည်ကိုယ်သွေးများ များစွာပါသည်ဟု ဝန်ခံသည်။

"ကိစ္စတစ်ခုကို လျှပ်တစ်ပြက် ဖြတ်ထိုးဉာဏ်နဲ့ စဉ်းစားဆုံးဖြတ် လုပ်ရမည့် နေရာမှာတော့ မိန်းမဉာဏ်ဟာ အထက်မြက်ဆုံးပဲ"

သူပြောသည်မှာ မှန်သည်။ သို့သော် မိန်းမဆိုသည်မှာ အဖြည့်ခံသက်သက် မဟုတ်မှန်း သိကြသော်လည်း ရှေးရှည်

နေရာမရှာကြပေ။ ဤသည်မှာ မိန်းမများသည် မိမိ၏ကိုယ်ရည်ကိုယ်သွေးကို မှန်ကန်စွာ အသုံးချတတ်ကြသောကြောင့်ဟု ဆိုရမည်။

(၃)

"မိန်းမတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး ထက်မြက်မှုကို သူ့အိမ်ထောင် သာယာချမ်းမြေ့မှုနှင့် နှိုင်းစာကြည့်၍ ရနိုင်သည်"ဟု အတွေးအခေါ် ပညာရှင် "ဘာထရန်ရပ်ဆဲလ်"က "အိမ်ထောင်မှုနှင့် လူ့ကျင့်ဝတ်"ကျမ်းတွင် ဖွင့်ဆိုပြထားသည်ကို တွေ့ရသည်။

### အိမ်ထောင်ရွေးချယ်မှု၊ အိမ်ထောင်ပျော်ရွှင်မှုနှင့် မိန်းမတို့၏ ကိုယ်ရည်ကိုယ်သွေးများ

အိမ်ထောင်ရေးရွေးချယ်မှုနှင့် အိမ်ထောင်ပျော်ရွှင်မှုများ ဖန်တီးနိုင်မှုနှင့် မိန်းမတို့၏ ကိုယ်ရည်ကိုယ်သွေးကို နှိုင်းဆ

ရမည်ဟု ဆိုသော်လည်း ကိုယ်ရည်ကိုယ်သွေးသည် အလိုလို လာသည်ကိုလည်းကောင်း၊ ဖန်တီးမွေးမြူယူရသည် ဆိုသည်က လည်းကောင်း သိထားသင့်သည်။ စင်စစ်မူ ကိုယ်ရည်ကိုယ်သွေး ဆိုသည်မှာ အဆင့်ဆင့် မွေးမြူရယူနိုင်သည့် အရာဆိုလည်း မမှားချေ။

ဆိုရလျှင် မိန်းမများ ကိုယ်ရည်ကိုယ်သွေး ထက် မြက်စေရန်အတွက် မိဘများ၏အပိုင်းကဏ္ဍသည်လည်း အဓိက ကျသည်ဟု ဆိုရမည်။ ကိုယ်ရည်ကိုယ်သွေး အစွမ်းထက်မြက် သည့် အမျိုးသမီးစွမ်းဆောင်ရှင်တစ်ဦးက ပြောဖူး၏။

**"မှန်ကန်သော အသိ၊ မှန်ကန်သော အတွေးနဲ့ ငြိမ်းချမ်း သောဘဝ တည်ဆောက်မှု အရည်အသွေးကောင်းတွေကို မိဘရင်ခွင်ထဲက ရရှိသလို စွမ်းဆောင်ရည်အားမာန်တွေ ကိုတော့ ခင်ပွန်းသည်ဆီက ရရှိခဲ့ပါတယ်"**

သူ့စကားကို နားထောင်ရင်း အသိမှန်၏စွမ်းရည် များကို မျက်ဝါးထင်ထင် မြင်ရ၏။ စင်စစ် ကိုယ်ရည်ကိုယ်သွေး ဆိုသည်မှာ လောကကို မှန်ကန်စွာ ရှုမြင်တတ်ခြင်း၊ မှန်ကန်စွာ ရင်ဆိုင်နိုင်ခြင်းဟူသည့် သတ္တိထူးရှိခြင်းပင်။

သို့သော် အချို့သည် အဘယ်ကြောင့် ကိုယ်ရည် ကိုယ်သွေးညှံ့ကြသနည်း။

❦

ကျွန်တော့်မိတ်ဆွေတစ်ဦးသည် သူ၏သားသမီးများကို ကိုယ်ရည်ကိုယ်သွေး ထက်မြက်စေလိုသည်။ ထို့ကြောင့် လမ်းကြောင်းပေါ်သို့ တင်ပေးပြီး လွတ်လပ်စွာ ဆုံးဖြတ်ခွင့်၊ လုပ်ပိုင်ခွင့် ပေးကြ၏။ အချို့ကမူ ကျပ်တည်းသော စည်းမျဉ်း၊ စည်းကမ်းများဖြင့် လမ်းကြောင်းပေးကြ၏။

စင်စစ်မူ ဤသည်မှာ မှားယွင်းခြင်းနှင့် မှန်ကန်ခြင်း ရောထွေးနေခြင်းဟု ဆိုရမည်။ လောကတွင် လွတ်လပ်မှုသည်လည်းကောင်း၊ ချုပ်ချယ်မှုသည်လည်းကောင်း စသည်တို့သည် အစွန်းထွက်ပစ္စည်းများဖြစ်သည်ဟုဆိုလျှင် မမှားချေ။

## ကိုယ်ရည်ကိုယ်သွေး ထက်မြက်မှုနှင့် အဓိကလိုအပ်ချက်

တချို့မိန်းမများက ကိုယ်ရည်ကိုယ်သွေးထက်မြက်မှုနှင့် ပတ်သက်၍ သာမန်တွေးကြသည်။

ဤသည်မှာ ပထမဆုံး အများကျူးလွန်မိခြင်းဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်ရည်ကိုယ်သွေး ထက်မြက်မှုအတွက် အဓိကသည် အသိမှန်ရေးဟု ဆိုရမည်။

ကိုယ်ရည်ကိုယ်သွေး ထက်မြက်သော မိန်းမများကို လေ့လာလျှင် ...

၁။ မိမိအမျိုးဂုဏ် စောင့်ထိန်းတတ်ခြင်း၊

၂။ ဟိရိဩတ္တပ္ပတရားလုံခြုံခြင်း၊

၃။ ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်း၊

စသည့် အချက်များကို တွေ့ရလေသည်။

## မိန်းမနှင့်ကိုယ်ရည်ကိုယ်သွေး အသုံးလွန်မှု

မြန်မာစကားတွင် "ပညာရှိ သတိဖြစ်ခဲ" ဟုရှိသည်။ အချို့မိန်းမများသည် ကိုယ်တိုင် ကာလရှည်ကြာစွာ တည်ဆောက်ထားသည့် ကိုယ်ရည်ကိုယ်သွေးကို အမှတ်မထင် ချိုးဖောက်တတ်ကြသည်ကို တွေ့ရသည်။ သို့သော် မိန်းမများသည် မိမိမှားနေသည်ကို မှားမှန်းမသိကြ။

ကိုယ်ရည်ကိုယ်သွေး ထက်မြက်သော မိန်းမများကို ယောကျ်ားတို့က အထင်ကြီးကြ၏။ အလေးထားကြ၏။ အရာရာ အကြံဉာဏ်ယူကြ၏။ ကိုယ်ရည်ကိုယ်သွေး အသုံးအစွဲများသော မိန်းမများက ဒါကို ကောက်ချက်လွဲကြသည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးကာ ကိုယ့်သဘောကို ရှေ့တန်းတင်ကြသည်။

ဤသည်မှာ အမှားဖြစ်သည်။

အကယ်ဒမီ ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်းက အကယ်ဒမီဆုယူရင်း ဤအကယ်ဒမီ ရရှိခြင်းသည် ဇနီးသည်၏ တိုက်တွန်းပံ့ပိုးမှုကြောင့်ဟု ဝန်ခံသည်။ ဤသည်မှာ မိန်းမတို့၏ အခန်းကဏ္ဍ ကြီးမားလာမှုနှင့် ကိုယ်ရည်ကိုယ်သွေး မြင့်မားလာမှုဟု ဆိုရမည်။

ထို့အတူ မိန်းမတို့အဖို့ ကိုယ်ရည်ကိုယ်သွေး အသုံးအစွဲ မှန်ကန်ရန် ကြိုးပမ်းရန် လိုအပ်လာပြီဖြစ်ကြောင်းနှင့် မိန်းမတိုင်း "ကြက်မတွန်၍ မိုးမလင်း" ဆိုသော အနှိမ်ခံကဏ္ဍကို ကျော်ဖြတ်ရန် အတွေးမှန်၊ အသိမှန်နှင့် ကိုယ်ရည်ကိုယ်သွေးမှန် တည်ဆောက်ရန် လိုအပ်ပြီဟု ဆိုရခြင်းဖြစ်သတည်း။

သို့သော် "တဒင်္ဂ"အမှားသည် "တစ်ဘဝ"လုံးကို အမှောင်ဖုံးနိုင်သည်ကို မိန်းမများ မမေ့သင့်ပေ။

ပိန်းမနှင့်
ဝတ်စားဆင်ယင်မှု

## မိန်းမနှင့် ဝတ်စားဆင်ယင်မှု

(၁)

နိုဝင်ဘာလ "ရုပ်ရှင်အောင်လံမဂ္ဂဇင်း"တွင် မိန်းမတို့အကြောင်းကို ရေးဖြစ်ခဲ့သည်။ "မိန်းမအနုဇိုကာ"ဖြစ်၏။ ထိုဆောင်းပါးတွင် မိန်းမတို့၏ လှပစေမှုအကြောင်းကို နိဒါန်းသဘောမျိုး ရေးခဲ့သည်။ သည်ဆောင်းပါးတွင် မိန်းမတို့၏ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ပန်းချီဆရာ စုတ်ချက်ချသလို အပေါ်ယံရုပ်ရေးပြခဲ့၏။

စင်စစ်မူ ဤဆောင်းပါးသည် ကျွန်ုပ်တော် ဆက်လက်ရေးသားမည့် မိန်းမတို့၏အကြောင်းများအတွက် နိဒါန်းဆိုလျှင်လည်း မမှားချေ။ ပန်းချီစကားနှင့် ပြောရလျှင် ကောက်

ကြောင်းပင်။ ပထမဆုံးအနေနှင့် ဒီဇင်ဘာလထုတ် ရှုက်နုဝေ မဂ္ဂဇင်းတွင် ရေးခဲ့ပြီးပြီ။ "မိန်းမနှင့်စိတ်ယဉ်ကျေးမှု"ဆောင်းပါး။

ထို့နောက်တွင်မူ ဘာအကြောင်း ရေးရမည်ကို မဆုံးဖြစ်ရသေး။ ဘာရေးရမည်ကို စဉ်းစားနေတုန်း "မောင်သီဟ"က ယုယုဇင်နှင့် ဆုံတွေ့ပေးသည်။ ယုယုဇင်က ရန်ကုန်တက္ကသိုလ်တွင် ဒဿနိကဂုဏ်ထူးတန်း တက်နေသူ ဖြစ်၏။

ယုယုဇင်က "ဆရာ အောင်လံမှာရေးတဲ့ မိန်းမ အနှိုက်ကာကို ဆက်မရေးတော့ဘူးလား"ဟု မေး၏။ ကျွန်တော်က "ရှုက်နုဝေမဂ္ဂဇင်း"တွင် ဆက်ရေးနေကြောင်း ပြောခဲ့သည်။

"မိန်းမနှင့် စိတ်ယဉ်ကျေးမှု ပြီးတော့ ဘာဆက်ရေးမလဲ ဆရာ"

"ဒါလည်း ကျွန်တော် စဉ်းစားနေတာ"

"ဒါဆို ယုဇင် အကြံပေးချင်တယ်၊ ဆရာလက်ခံမယ်ဆိုရင်ပေါ့"

"အကြံကောင်း ဉာဏ်ကောင်းကို ပစ်ပယ်တတ်တဲ့ စိတ်ကြီးဝင် စာရေးဆရာထဲမှာ ကျွန်တော်မပါပါဘူး"

သူ တက်ကြွသွားပုံရ၏။ ပြုံးသည်။

"ကျေးဇူးပဲ ဆရာ၊ ဒါဆို ယုဇင် ပြောမယ် (သူက ပြုံးပြီး) အကြံပေးတာနော် ဆရာ"

"ကျွန်တော် သဘောပေါက်ပါတယ်၊ ပြောပါ"

"ယုဇင်အနေနဲ့ ပြောရရင်တော့ ဒီအချိန်မှာ ဆရာရေးသင့်တာကတော့ မိန်းကလေးနဲ့ ဝတ်စားဆင်ယင်မှုပြဿနာပဲ ဆရာ၊ ဒီကနေ့ ကျွန်မတို့နိုင်ငံဟာ တံခါးဖွင့်ဝါဒကျင့်သုံးနေချိန်ဖြစ်လို့ ဒီဖွင့်ထားတဲ့ တံခါးပေါက်က ယဉ်ကျေးမှုအမျိုးမျိုး စိမ့်ဝင်နေတာ ဆရာ အသိပဲ။ ဒီလိုစိမ့်ဝင်နေတဲ့ ယဉ်ကျေးမှုအမျိုးမျိုးနဲ့အတူ ဝတ်စားဆင်ယင်မှုအမျိုးမျိုးကလည်း ကျွန်မတို့ မြန်မာအမျိုးသမီးတော်တော်များများရဲ့ အသိထဲကို စိမ့်ဝင်နေပြီဆိုတော့ မြန်မာဆိုတဲ့လူမျိုးနဲ့ မြန်မာ့ဝတ်စားဆင်ယင်မှု အဆင့်အတန်းကို မြန်မာမိန်းကလေးတွေသိအောင် ပြောဖို့လိုလာပြီမဟုတ်လား ဆရာ"

ကျွန်တော် ယုယုဇင်၏စကားကို နားထောင်ရင်း မကြာမြင့်သေးတဲ့ကာလက မြင်ကွင်းတစ်ခုကို ပြေးမြင်သတိရမိသည်။ မြတ်မိခင်အဖွဲ့ရဲ့ ကြိုးပမ်းမှုဖြစ်တဲ့ သူ့ကျွန်မခံပြီ ရုပ်ရှင်ဇာတ်ကားကြီး အထူးပွဲပြစဉ်က ဖြစ်သည်။ အထူးပွဲကို တက်ရောက်လာတဲ့ ကြော်ငြာစူပါမင်းသမီးလည်းဖြစ်၊ ဗီဒီယိုသရုပ်ဆောင်လည်းဖြစ်တဲ့ မင်းသမီးငယ် တိုနန့်နန့်စကတ်ကလေးနဲ့ ရောက်လာပုံတို့ဖြစ်သည်။

တိုးတက်မှုကို လက်ခံသော ကျွန်တော်ပင်လျှင် ထိုမြင်ကွင်းကိုမြင်တော့ "ဩော် ... ဒုက္ခ"ဟု တစ်ကိုယ်တည်း

ညည်းမိသည်။ ကျွန်တော် ဤသို့ရေးပြရသည်မှာ သူ့ဝတ်စားဆင်ယင်မှုနှင့် သူ့အသွင် မတင့်တယ်လို့ မဟုတ်ပါ။ လှချင်လွန်းလို့ သွားချောင်တိုက် ရေစီးကမ်းပြိုလိုက် ဆိုသည့်ကိန်း ဆိုက်နေသောကြောင့် ဖြစ်သလို ... "ဪ ... ဒီမင်းသမီးနှယ် သူ့နေရာနှင့် သူနေရာ သင့်တော်အောင် မဝတ်တတ်သေးပါကလား"ဟု နားလည်မိသောကြောင့် ဖြစ်သည်။

အကယ်၍ ဒီတုန်းက မင်းသမီးကလေးသည် ရင်ဖုံးအင်္ကျီကလေးနဲ့ ကြိုးကြီးချိတ်လုံချည်နှင့် ပဝါနှစ်စ အသာချပြီး ယဉ်စစကလေးလာလျှင် တစ်မျိုးဖြစ်မည်မှာ မုချ။ လောကတွင် ဒူးနေရာဒူး၊ တော်နေရာတော်။ အဲဒါမှ သင့်တော်ပေလိမ့်မည်။

ခုတော့ အမြင်မတော် ဆင်တော်နဲ့ ခလောက်ဆိုသည့်ကိန်း ဖြစ်နေပြီ။ မြန်မာစကားတွင် "ဆင်တတ်မှလှသည်"ဟုရှိသည်။ မဆင်တတ်လျှင် ဘယ်မှာလှမည်နည်း။ မဆင်တတ်လျှင် အမြင်ကတ်စရာဖြစ်ပြီး ရှိရင်းစွဲအလှကလေးများပါ ပျောက်တတ်သည်ကို မိန်းကလေးများ မမေ့သင့်ပေ။

❀

ဘာသာနှင့်သစ်စာပေ

(၂)

မြန်မာစကားတွင် "ထောင်းမှာအကွပ်၊ လူမှာ အဝတ်"ဟု ရှိသည်။ အကွပ်မရှိသည့်တောင်းသည် အမြင်မလှ သလို လူတို့သည်လည်း အဝတ်အစား မဝတ်ဆင်တတ်လျှင် အကျည်းတန် အမြင်ဆိုးရသည်မှာ ဓမ္မတာဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် အဝတ်အစားဆိုသည်မှာ ရှိတိုင်းလည်း ဝတ်မ ကောင်းသည့်အရာလည်း ဖြစ်၏။

အချို့ အဝတ်အစားပေါသူများက ဝတ်ကောင်းစား လှကို နေရာမရွေး ဝတ်သည်။ ကိုယ်ရှိလို့ ကိုယ်ဝတ်သည်ဟု ခပ်ကြွားကြွားပြောကြသည်။ ဤသည်မှာ အမှန်တရားဖြစ်သော် လည်း ပတ်ဝန်းကျင်နှင့် ကင်းကွာမရသော လူ့အသိုင်းအဝိုင်း

တွင်မူ "ဝါးလုံးခေါင်းထဲ လသာသူ"အဖြစ် အပြစ်တင်ခံရမည်မှာ မုချဖြစ်သည်။

ဤသည်မှာ "ဆင်တိုင်းမတင့်၊ ဝတ်တိုင်းမလှ"ဟူသော စကား၏ အနက်အဓိပ္ပာယ်ဟု ဆိုလျှင်လည်း မမှားချေ။

အာမောန်သစ်စာပေ

တလောက ဆွေမျိုးတစ်စု အိမ်သို့အလည်လာသည်။ ကြီးကြီး၊ ဒေါ်ဒေါ်တို့နှင့်အတူတူ မငယ်လည်း ပါလာသည်။ တူမကလေးက အပျိုဖော်ဝင်စဖြစ်သည်။ သည်အရွယ်က လှချင်ပချင်သည့်အရွယ်။ တူမလေး မည်ရွေ့မည်မျှ လှချင်သည်ကို တူမလေးဝတ်စားလာပုံကို ကြည့်လျှင် သိသာသည်။ ဤကဲ့သို့ပင် လှချင်လွန်းသည့် တူမကလေးခမျာ ရေစီးကမ်းပြိုလိုက်နေသည်ကိုလည်း ကျွန်တော် အကဲခတ်မိသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်တူမလေး ဝတ်ထားသည့် အဝတ်အစားများသည် ရုပ်ရှင်ကားတစ်ကားတွင် မို့မို့မြင့်အောင် ဝတ်ခဲ့သည့် အဝတ်အစားဒီဇိုင်းဖြစ်သည်။ သည်ကားတွင် မို့မို့မြင့်အောင်သည် တောမှတက်လာပြီး လှချင်စိတ်နှင့် အဝတ်အစားကို မဝတ်တတ် ဝတ်တတ်နှင့် ခေတ်ဆန်ဆန်ဝတ်သည့် စရိုက်မျိုး သရုပ်ဆောင်ရသည်။ ထိုကားတွင် မို့မို့မြင့်အောင်

၏ သရုပ်ဆောင်မှုနှင့် ဝတ်စားဆင်ယင်မှုသည် ကောင်း၏။ ယခု ကျွန်တော့်တူမလေး အဖြစ်ကမူ ရယ်စရာကောင်းနေ၏။ ပိတ်စက ထူလှသဖြင့် ပူပြင်းလှသည့် ရာသီအောက်တွင် အနေအထိုင်ခက်နေသည်မှာ မပြောဘဲနှင့် သိသာလှသည်။

"ညည်း ဒီလောက်ပူတဲ့အချိန်မှာ ဒီအဝတ်အစားကြီးဝတ်ထားတော့ အနေရမခက်ဘူးလား၊ မပူဘူးလား"

ကျွန်တော့်တူမလေးက ရှက်စနိုးပြုံးသည်။ တူမလေးအပြောရ ခက်နေပေလိမ့်မည်။ ထို့ကြောင့်ပင် ကျွန်တော်က တူမချောကို အဝတ်အစား ဝတ်ဆင်မှုနှင့် ပတ်သက်၍ သွန်သင်ရသည်။ အထူးသဖြင့် ကျွန်တော့်တူမအရွယ် အပျိုဖော်ဝင်စ မိန်းကလေးများသည် လှဖို့ပဖို့နှင့် လှချင်စိတ်သာရှိသည်။ လှဖို့၊ ပဖို့အတွက် အတုခိုးတတ်ကြသည်။ မိမိနှင့် လိုက်ဖက်သည်၊ မလိုက်ဖက်သည်ကို မသိ။ သူများလှလျှင် ကိုယ်လှမည် ထင်ကြသည်။

ကျွန်တော့်တူမလည်း ဤသို့ဖြစ်နေသည်ကို မပြောဘဲ သိသာသည်။ သည်နေရာတွင် မိန်းကလေးများ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ အတုခိုးမှု မှန်ကန်နည်းကို တင်ပြချင်လာသည်။

အချို့မိန်းကလေးများက အဝတ်အစားနှင့် ပတ်သက်၍ တန်ဖိုးပေး ဝယ်နိုင်လျှင် ဝတ်လို့တင့်သည်။ သင့်သည်

ဟု ထင်ကြသည်။ ဤသည်မှာ ယေဘုယျအမြင်နှင့် မှန်ကန်သော်လည်း ပကတိ လက်တွေ့အခြေအနေနှင့် တိုက်ဆိုင်ကြည့်လျှင် မမှန်ကန်ဟု ဆိုရမည်။

ဥပမာ ရုပ်ရှင်ကားတစ်ကား ဗီဒီယိုကားတစ်ကားတွင် မင်းသမီးဝတ်၍လှသော၊ ကြည့်ကောင်းသော အဝတ်အစားကို ပြင်ပမိန်းကလေးတစ်ဦးဝတ်လျှင် ထိုမိန်းကလေးသည် မင်းသမီးကဲ့သို့ လှလေမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အကြမ်းဖျဉ်းပြောရလျှင် ကာလ၊ ဒေသ၊ အချိန်အခါ ကွာခြားမှုရှိသောကြောင့်ဟု ပြောရပေမည်။

အကြောင်းကိုဆိုသော် ဝတ်စားဆင်ယင်မှုတိုင်းတွင် အချိန်အခါနှင့် နေရာရှိနေသောကြောင့်ပင်။

❀

(၃)

မကြာမြင့်သေးသော ကာလက စာရေးသူသည် မမျှော်လင့်ဘဲ ဖက်ရှင်ပြပွဲတစ်ခုသို့ ရောက်ခဲ့သည်။ ထိုဖက်ရှင်ပြပွဲသည် အဝတ်အထည် ဖက်ရှင်ပြပွဲတစ်ခု ဖြစ်သည်။

အဝတ်အစား ဒီဇိုင်းအမျိုးမျိုးကို "မော်ဒယ်ဂဲလ်၊ မော်ဒယ်ဘွိုင်း"ကလေးများက အမျိုးမျိုးဝတ်ဆင်ကာ ကိုယ်ဟန်ပြကြသည်။

ထိုပြပွဲသည် ယခုလို ဈေးကွက်စီးပွားရေးစနစ် အကောင်အထည် ဖော်နေချိန်တွင် အလွန်တရာ ခေတ်မီကောင်းမွန်သော ပြပွဲဟု ဆိုနိုင်သည်။

အားမာန်သစ်စာပေ

သို့သော် ကျွန်တော့်အတွက်မူ ထိုဖက်ရှင်ပြပွဲကို ကြည့်ရင်း အတော်လေး မွန်းမွန်းကျပ်ကျပ်ခံစားရသည်။ "ကောင်းတော့ ကောင်းသည်၊ မျက်စိစပ်သည်"ဟု ပြောရမည့် အခြေအနေမျိုး သက်ဝင်နေသောကြောင့် ဖြစ်သည်။

ထိုဖက်ရှင်ပြပွဲတွင် ဝတ်ဆင်ပြသည့် အဝတ်အစားဒီဇိုင်းများသည် ဆန်းသစ်ပါ၏။ ခေတ်မီပါ၏။ သို့သော် ဟန်ရှိ ဩဇ္ဇာပတရားနှင့် ထုံးဖွဲ့ထားသော မြန်မာပြည်အနေနှင့် မသင့်တော်သလို မြန်မာမိန်းကလေးများနှင့် လိုက်ဖက်မှု မရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်အား ယခုလို ခေတ်မီတိုးတက်နေသော အချိန်ကာလတွင် ဤသို့သော ခေတ်မီဆန်းသစ်သည့် အဝတ်အစားများ မဝတ်ရပေဘူးလားဟု မေးကောင်း မေးကြပေလိမ့်မည်။

ဝတ်လို့မရဟု မဆိုလိုပါ။ သို့စေကာမူ ဤသို့ ဝတ်စားဆင်ယင်ခြင်းသည် ဂုဏ်မည်မျှတက်မည်ကို ချင့်တွက်ရပေလိမ့်မည်။

မိမိ ဘာလူမျိုးဖြစ်သည်၊ မည်သည့်ယဉ်ကျေးမှုကို လက်ခံသည်ကို စဉ်းစားရပေလိမ့်မည်။ မြန်မာသည် ကမ္ဘာတွင် ယဉ်ကျေးသိမ်မွေ့သော လူမျိုးအဖြစ် ရပ်တည်နေသည်ကို ကျွန်တော်တို့ မမေ့သင့်ပေ။

ဣန္ဒြေသိက္ခာရှိသလို၊ လုံခြုံသော အဲ၀တ်အစားကို ၀တ်ဆင်သောလူမျိုး ဖြစ်သကဲ့သို့ မြန်မာလူမျိုးများသည် ဟိရိ၊ ဩတ္တပ္ပတရားတည်းဟူသော လောကပါလတရား(၂)ပါးကို စောင့်သိသည့်လူမျိုး ဖြစ်သည်ကို မမေ့သင့်ပေ။

❀

အာကာသနဂါးဒိစာပေ

(၄)

မိန်းကလေးဆိုသည်မှာ လှချင်၊ ပချင် စိတ်ကြီးသူများ၊ အလှတရားကို ကိုးကွယ်တတ်သူများ ဖြစ်သောကြောင့် အဝတ်အစား ဝတ်ဆင်မှုကိစ္စ အဝဝကို အလှအပအတွက် ရှေ့တန်းတင်ကြသည်။ လှရေးပရေးအတွက် အဝတ်အစားများကို ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး ချုပ်ဝတ်ကြသည်။ အချို့လည်း လှ၏။ အချို့လည်း ရုပ်ဆိုး၏။

ဤသည်မှာ အဘယ်ကြောင့်နည်း။

ဤလှို့ဝှက်ချက်၊ ဤအဖြေကို လိုချင်သဖြင့် ကျွန်တော် ရှာဖွေခဲ့သည်။ တစ်နေ့ ဗိုလ်ချုပ်အောင်ဆန်းဈေးတွင်ရှိသည့် အမျိုးသမီး အဝတ်အစားများချုပ်၍ အောင်မြင်ကြီးပွားနေသည့်

ဆိုင်ရှင်တစ်ဦးနှင့် အာလာပသလ္လာပစကား ပြောဖြစ်ခဲ့သည်။ သူသည် တက်ကြွသော စကားနှင့် ညည်းညူသောစကားကိုဆို၏။ သူ့စကားသည် ဝတ်စားဆင်ယင်မှု လျှို့ဝှက်ချက်ကို လှစ်ဟပြသော စကားလည်း ဖြစ်သဖြင့် တင်ပြလိုက်ပါသည်။

"ဒီကနေ့ဟာ ဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်နေချိန် ဖြစ်သလို အောင်မြင်နေချိန်လည်းဖြစ်လို့ မိန်းကလေးတော်တော်များများရဲ့ အသိမှာ တိုးတက်တဲ့ပုံရိပ်တွေ ရှိလာတာတော့ တကယ့်ကို ဝမ်းသာစရာပဲ။ ဒါပေမဲ့ ဒီကနေ့ခေတ် မိန်းကလေး တော်တော်များများဟာ တိုးတက်မှုကိုသာ အာရုံရောက်နေပြီး ယဉ်ကျေးမှုဘဝနဲ့မိမိကိုယ်ကို ဆန်းစစ်မှုနည်းနေတာကို တွေ့ရတာတော့ ဝမ်းနည်းစရာပဲ"

"မမစကားက အတော်လေးနက်လာပြီပဲ"

"လက်ရှိဘဝပုံရိပ်တွေကလည်း အသံလှိုင်းတွေအပေါ်မှာ အခြေခံသလို ဖြစ်နေတယ်လေ။ တိုးတက်တဲ့ခေတ်မှာ တိုးတက်သူ၊ ခေတ်မီသူ ဖြစ်ရမယ်လို့ ခံယူထားသူများနေတယ်။ ဒါဟာ မှန်တယ်လို့ ပြောရသလို မှားတယ်လို့လည်း ပြောရတယ်ကွယ့်။ ဒါဟာ ကောင်းခြင်းဖြစ်သလို ဆိုးခြင်းလည်း ဖြစ်ပြန်တယ်"

"ဟုတ်ကဲ့ ... ပြောပါ မမ"

"ပြောရရင် ဒီကနေ့ မိန်းကလေး တော်တော်များများ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်ဖို့ပဲ စိတ်ကူးကြတယ်။ ရိုးရာအမွေကို ထိန်းသိမ်းဖို့ မစဉ်းစားကြဘူး။ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုကို ဒီလူမျိုးကပဲ ထိန်းသိမ်းနိုင်တယ်။ ယဉ်ကျေးမှု ထိန်းသိမ်းခြင်းဟာ ပကတိအလှကို ရှုမြင်တတ်ခြင်း ဆိုရင်လည်း မမှားဘူး။ မင်း စဉ်းစားကြည့်လေ၊ မိန်းကလေး တော်တော်များများဟာ ခေတ်မီဖို့သာ စဉ်းစားနေတော့ ယဉ်ကျေးမှုကို မေ့လာတယ်။ အဲဒီလို ယဉ်ကျေးမှုကို မေ့လာတော့ ပင်ကိုအလှကို သတိမရတော့ဘူး။ ပင်ကိုအလှကို မသိတော့ မိမိအလှနဲ့ လိုက်ဖက်တဲ့ အဝတ်အစားကို မဝတ်တော့ဘူး။ ဒီလိုနဲ့ တချို့ဆိုရင် လှချင်လျက်နဲ့ မလှကြတော့ဘူး"

"ဒါပေမဲ့ မမကတော့ အဝတ်အစား အများကြီး ချုပ်နေရတယ် မဟုတ်လား"

"ချုပ်နေရတယ်၊ ချုပ်ရလို့ ငွေရတယ်၊ ဒါပေမဲ့ မမ မပျော်ဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုရင် မိန်းမတစ်ယောက်အတွက် ဝတ်စားဆင်ယင်မှုဟာ သိပ်အရေးကြီးတယ်ဆိုတာ မင်းလည်း စာရေးဆရာမို့ သိပြီးသားပါ၊ ဝတ်စားဆင်ယင်မှုမတတ်

ရင် အလှဟာ ပျက်သွားတာ ခမ္မတာပဲ။ တကယ်တော့ မိန်းကလေးတွေ လှသထက် လှနိုင်ဖို့ ဝတ်စားဆင်ယင် တတ်ဖို့ လိုတယ်ကွယ် ...

"မင်းလည်း သိပါတယ်၊ တချို့က အေးတယ်၊ တချို့က ပူတယ်၊ တချို့က ပုတယ်၊ တချို့က ရှည်တယ်။ ဒီလို အပူအအေး၊ အပုအရှည်တွေနဲ့အတူ လိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုလည်း ရှိတယ်၊ တချို့က ခေတ်ဆန် ဆန်ဝတ်မှ လှတယ်၊ တချို့က ရိုးရိုးဝတ်မှ လှတယ်၊ အဲဒီလိုပဲ တချို့က လက်ရှည်အင်္ကျီနဲ့ လိုက်တယ်၊ တချို့ က လက်တိုဝတ်မှ၊ ပြီးတော့ အရောင်အသွေး ရွေးရဦး မယ်၊ အရောင်အသွေးမှာလည်း မည်းနေသူက အနီရဲရဲ ဝတ်ထားရင် ဘယ်လိုရှိမလဲ၊ ဒါတွေက ဝတ်စားဆင်ယင် မှုရဲ့အဓိကလျှို့ဝှက်ချက်တွေပဲ၊ ဒါတွေကို သူတို့မသိတာ က အဆိုးဆုံးပဲ"

ဗိုလ်ချုပ်ဈေးမှ ထွက်လာတော့ ကျွန်တော့်တွင် ဝေဒနာတစ်ခု ပါလာသည်။ ဤကဲ့သို့ပင် ဝတ်စားဆင်ယင်မှု သုတေသနပညာရှင်တစ်ဦး၏ စူးစမ်းမှုတစ်ခုကို သတိရမိသည်။

ဤကား အခြားမဟုတ်။

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ လေ့လာလျှင် လူမျိုးအလိုက် ဝတ်စားဆင်ယင်မှုများကို တွေ့ရသည်။ ထို့အတူ

အားမာန်သစ်စာပေ

ယဉ်ကျေးသော ဝတ်စားဆင်ယင်မှုနှင့် လော်လည်သော ဝတ်စားဆင်ယင်မှု၊ ဝတ်ဆင်ခြင်းများ ရှိနေသည်ကို တွေ့ရသည်။ မြန်မာပြည်လို ယဉ်ကျေးမှုရှေ့တန်းတင်သော နိုင်ငံမျိုးတွင် ဝတ်စားဆင်ယင်မှုသည် အခြားတိုင်းနိုင်ငံများနှင့် မတူပေ။ အဝတ်အစားနှင့် ရှုမြင်ခြင်းစနစ် မြန်မာပြည်တွင် ရှိနေသည်။ မြန်မာပြည်တွင် ဝတ်စားဆင်ယင်မှု မတတ်လျှင် ပတ်ဝန်းကျင်အလယ်တွင် မလိုလားအပ်သော ဆုံးဖြတ်မှုများ ခံရလေ့ရှိ၏။ ဤသည်မှာ ကောင်းခြင်းလော၊ မကောင်းခြင်းလား ခွဲခြားရခက်လှပေသည်။

ပညာရှင်၏ သုံးသပ်ချက်၊ ပတ်ဝန်းကျင်၏ ဆုံးဖြတ်ချက် စသည်တို့၏ အလေးအပေါ့၊ အဆိုးအကောင်းကို ခွဲခြမ်းစိတ်ဖြာရန် ခက်ခဲလှသလို ဆန်းကြယ်သော ဖြစ်စဉ်များ ပေါ်ပေါက်နေသည်ကို သတိချပ်ရပေမည်။

မည်သို့ဆိုစေ လောကပါလတရား(၂)ပါး ထွန်းကားသော မြန်မာပြည်လို နေရာတွင် ရပ်တည်နေကြသော မိန်းကလေးများအဖို့ ရေမြေတောတောင် သဘာဝနှင့် ယဉ်ကျေးမှုကို ဥပေက္ခာပြုထားလို့ မရပေ။ ထို့အတူ ကိုယ့်ဘဝ၊ ကိုယ့်ယဉ်ကျေးမှုကို သိပြီး လိုက်လျောညီထွေ ဝတ်ဆင်ခြင်းသည်သာ ပကတိအလှသစ္စာတရား ဖြစ်ပေမည်။ လှသထက် လှစေခြင်း အကြောင်းတရားဟု ပြောလျှင် မှားမည် မဟုတ်ချေ။

# မိန်းမနှင့်
# ရည်မှန်းချက်အဖြစ်အပျက်ပြဿနာ

# မိန်းမနှင့်
# ရည်မှန်းချက်အဖြစ်အပျက်ပြဿနာ

(၁)

လူ၏ အသက်ရှင်နေထိုင်မှုသည် "ရည်မှန်းချက်" အပေါ်တွင် မူတည်သည်ဟု ပညာရှိများက ဆိုမိန့်ထားသည်။ ထို"ရည်မှန်းချက်"သည် အနာဂတ်၏ လမ်းကြောင်းသစ်လည်း မည်သည်။ ရည်မှန်းချက်မရှိသူသည် အသက်ဝိညာဉ်ကင်းမဲ့သူနှင့် မခြားပေ။

စိတ်ပညာရှင်၊ ဖရိုဒ်က "လူသည် အနာဂတ်ကို မျှော်တွေး၏။ အနာဂတ်အတွက် ရည်မှန်းချက်ထား၏။ ထို အနာဂတ်ကို မျှော်တွေးသူ၊ အနာဂတ်အတွက် ရည်မှန်းချက်ထားသူများထဲတွင် မိန်းမသည် ယောကျ်ားထက်ပို၏။ "မိန်းမသည် အနာဂတ်အတွက် ရည်မှန်းချက်ကြီးသူလည်း ဖြစ်၏"ဟု စိတ်

ပညာအနှစ်ချုပ်ကျမ်းတွင် တင်ပြထားသည်ကို မှတ်သားရသည်။ ထို့အတူပင် "အနာဂတ်ရည်မှန်းချက်ကြီးကြီးထားပြီး ပျက်မြယ်မှု အများဆုံးသည်လည်း မိန်းမတို့သာ ဖြစ်သည်"ဟု ထပ်ဆင့်မှတ်တမ်းတင်ထားသည်ကိုလည်း မှတ်သားရ၏။

ဤသည်မှာ အဘယ်ကြောင့်နည်း။ ဤသည်မှာ ကျွန်တော်တို့ စဉ်းစားသုတေသနပြုရမည့် အချက်တစ်ချက်လည်း မည်သည်။ အခြားအကြောင်းတော့ မဟုတ်။ အနာဂတ်အတွက် ရည်မှန်းချက် ထားရှိခြင်းသည် အရောင်အသွေးစုံသော ပန်းတစ်ပွင့်နှင့်တူ၏။ ပျက်ပြယ်ခြင်းသည် "ဆုံးရှုံးခြင်း"၏ အမှတ်အသားဖြစ်ပြီး ပိန်းပိတ်သောအမှောင် ဖြစ်သောကြောင့်တည်း။

ထို့အတူပင် ဆုံးရှုံးမှု ရင်ဆိုင်ရခြင်းသည် မိန်းမတစ်ဦးတစ်ယောက်အတွက် အကြောင်းမဟုတ်ဟု ဆိုနိုင်သော်လည်း မိန်းမသားအများစုနှင့် ချိန်ထိုးကြည့်လျှင် အကောင်းဟု မဆိုသာတော့ပေ။ လှပသည့် ပန်းကလေးများ အညွန့်ချိုးခံရခြင်းနှင့် သဏ္ဌာန်တူပြီး မျိုးဆက်သစ်များ အတွက်ပါ ပျက်သုဉ်းမှုသံသရာလည်နိုင်သောကြောင့် ဖြစ်သည်။

## ရည်မှန်းချက်နှင့် မိန်းမဘာဝ

မိန်းမဟူသည် အဘယ်နည်းဟု မေးခွန်းထုတ်လျှင် လူအတော်များများက "မိန်းမသည် မိန်းမဖြစ်သည်"ဟု လွယ်လွယ်ဆိုကြသည်။ မိန်းမသည် ယောကျ်ားမဟုတ်သဖြင့် မိန်းမသည် မိန်းမဟုပြောလျှင် လုံးဝဥဿုံ မှန်နိုင်မည်မဟုတ်။ မိန်းမနှင့် ယောကျ်ားသည် လိင်သဘာဝသဘောအရ မတူညီမှုများ ရှိနေသော်လည်း စိတ်ဓာတ်အသိဉာဏ်အရာတွင် ကွာခြားမှု သိပ်မရှိလှပေ။

"ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်၏" ဟူသော စကားသည် မိန်းမတို့ နှလုံးသွင်း သတိချပ်ရမည့် စကားလည်း မည်သည်။ စိတ်ဓာတ်ခိုင်ကျည်မှု၊ အသိဉာဏ်ဖွံ့ဖြိုး

မှုကဏ္ဍအတွက် ကျယ်ကျယ်ပြန့်ပြန့် အားထုတ်မည်ဆိုလျှင် မိန်းမသည်လည်း ထိပ်ဆုံးသို့ ရောက်ရှိနိုင်သည်။ အင်အားရှိသူမှန်းသိသာ၏။

သို့သော် မိန်းမတို့သည် အဘယ်ကြောင့် ခရီးလမ်းတစ်ဝက်တွင် ရည်မှန်းချက် ပျောက်ပျက်ရသနည်း။

ဤသည်ကို အဖြေရှာလျှင် ပထမဆုံး မိန်းမသဘာဝကို ဆန်းစစ်ရမည်။ စံချိန် စံနှုန်းကို တိုင်းတာရမည်။ မိန်းမတို့သည် သဘာဝအရ အားနွဲ့သူ၊ မှီခိုအားထားရသူဟု သတ်မှတ်ခံရသဖြင့် အလိုလို ဒုတိယနေရာသို့ ရောက်ရှိသွားပြီး စံချိန်စံညွှန်းတိုးတက်မှုဇယားတွင် နိမ့်ကျသွားသည်ကို တွေ့ရ၏။ ထိုအချက်သည် မိန်းမတို့၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတား ဖြစ်သွားစေသည်ဟု ဆိုလျှင် မမှားချေ။

ထိုဖြစ်စဉ်များနှင့် ပတ်သက်၍ တူးဆွအဖြေရှာကြည့်လျှင် မိန်းမတို့၏အနာဂတ် ရည်မှန်းချက် ပျက်သုဉ်းမှုပြဿနာတွင် မိန်းမတို့အား အားနွဲ့သူဟု သတ်မှတ်ထားခြင်းသည် မူလအခြေခံဟု မှတ်သားရသည်။ မိန်းမတို့သည် အားနွဲ့သူဟု သတ်မှတ်ခံရသဖြင့် အလိုလို မှီခိုသူဘဝသို့ ရောက်ရှိသွားရသည်။

ဤဖြစ်စဉ်သည် သဘာဝတရား၏ နိမ့်ချခြင်း ဖြစ်စဉ်လား။

အားမာန်သစ်စာပေ

ဤဖြစ်စဉ်ကို ကမ္ဘာနှင့်ချင့်၍ ချိန်ထိုးဆန်းစစ်ကြည့်လျှင် အိန္ဒိယတိုက်နှင့် အာရှတိုက်တွင် အများဆုံး တွေ့ရ၏။ အထူးသဖြင့် အိန္ဒိယတိုက်ငွေ့င်ဖြစ်၏။ အိန္ဒိယနှင့် ဂန္ဓလရာဇ်တိုင်းတွင် "မဟာယောကျ်ားဝါဒ"သည် ကြီးစိုးနေသည်ကို တွေ့ရသည်။ အာရှတိုက်တွင် မဟာယောကျ်ားဝါဒ ကြီးစိုးမှုအားရှိသော်လည်း မြန်မာနိုင်ငံကိုမူ တစ်မူထူးခြားရပ်ဝ့မ်းဟု ဆိုရမည်။ "ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်၏"ဟူသောစကားသည် မိန်းမတို့၏အနာဂတ် ရည်မှန်းချက် ဖွံ့ဖြိုးရေးအတွက် အားဆေးတစ်ခွက်လည်း ဖြစ်သည်။ ထို့အတူ "မောင်တစ်ထမ်း၊ မယ်တစ်ရွက်"ဆိုသော စကားသ~ ် ယောကျ်ားနှင့်မိန်းမ သဟဇာတဖြစ်ကာ ပေါင်းစည်းတည်ထောင်မှု သရုပ်လည်း မည်သည်။

ထိုအခြင်းအရာသည် မိန်းမတို့၏ အနာဂတ်ရည်မှန်းချက် ပန်းကလေးတစ်ပွင့် ပွင့်လန်းရန် အခွင့်အလမ်းကောင်းဖြစ်သည်။ "မဟာမိန်းမဝါဒ" ထူထောင်ရန် လမ်းညွှန်ချက်အဖြစ် အယူမမှားသင့်ပေ။

ဆ

## မိန်းမနှင့်ရည်မှန်းချက် အဖြစ်အပျက် ဆန်းစစ်ချက်

ဂန္ဓလရာဇ်တိုင်းနှင့် အိန္ဒိယသမိုင်းကြောင်းကို လေ့လာလျှင် မိန်းမတို့၏ အနာဂတ်ရည်မှန်းချက် အညွန့်ကျိုးစေရန် ဖန်တီးမှုဖြစ်စဉ်များကို တွေ့ရသည်။ ထိုဖြစ်စဉ်များနှင့်အတူ "မဟာယောကျ်ားဝါဒ"ကြီးစိုးမှုကို တွေ့ရ၏။

ဂန္ဓလရာဇ်တိုင်းတွင် "ခြေသေး၊ ကျစ်ဆံမြီးစနစ်များသည် မိန်းမတို့၏ အနာဂတ်ရည်မှန်းချက် ပျက်သုဉ်းမှုအကြောင်းတရားများ ဖြစ်သလို အိန္ဒိယမှ အရွယ်မရောက်မီ အိမ်ထောင်ပြုခြင်းစနစ်သည် မိန်းမများ၏ အနာဂတ်ရည်မှန်းချက် ပျက်သုဉ်းခြင်း အကြောင်းတရားဟု ဆိုနိုင်သည်။ ဂန္ဓလရာဇ်တိုင်းမှ ခြေသေးစနစ်၊ ကျစ်ဆံမြီးစနစ်တို့ "မော်စီတုံး"၏ စွမ်း

ဆောင်ချက်ကြောင့် ပျောက်ပျက်သွားသော်လည်း အိန္ဒိယတွင် မှတ်တမ်းပြုရလောက်အောင် ပျောက်ပျက်ခြင်း မရှိသေးပေ။

မြန်မာနိုင်ငံတွင်မူ မိန်းကလေးများ၏ အနာဂတ် ရည်မှန်းချက် ပြိုပျက်ခြင်းနှင့် ပတ်သက်၍ အခြားတိုင်းနိုင်ငံများ နှယ်ပင် တိတိပပ အကြောင်းတရား မတွေ့ရပေ။ သို့သော် မိန်းမဟူသည် အိမ်ထောင်ကျသည်နှင့် မှီခိုသူသာဖြစ်သည်၊ လင် ဖြစ်သူ၏ ဝတ်ကြီးဝတ်ငယ် ပြုစုရန်နှင့် မီးဖိုချောင်တာဝန် ကျေ ပွန်ရန် လိုအပ်သည်ဟူသော အယူအဆတစ်ခုနှင့် လူကြီးသူမများ စာပေမတတ်ကျွမ်းမှုကို တွေ့ရသည်။ ဤသည်မှာ မြန်မာအမျိုး သမီးများ၏ အနာဂတ်ရည်မှန်းချက် ပျက်သုဉ်းရန်အတွက် အဓိက အဟန့်အတားဟု သိရလေသည်။

သည်နေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် ဖြစ်စဉ်ကလေးတစ်ခုကို တင်ပြလိုသည်။ ယင်းဖြစ်စဉ်သည် ကျွန် တော်တို့မျိုးနွယ်စုအတွင်း ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဖြစ် သလို အခြား အခြားတွင်လည်း များစွာဖြစ်ခဲ့သော ဖြစ်စဉ်ဖြစ် လိမ့်မည်။

ထိုဖြစ်စဉ်က အခြားမဟုတ်။ ကျွန်တော့်တူမဖြစ်သူ သည် နှစ်စဉ် တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သော်လည်း ကိုး တန်းတွင် တစ်နှစ်ကျခဲ့၏။ ထိုအခါ ဦးလေးက ကျောင်းထုတ်ရန် စီစဉ်၏။

ဦးလေးတို့၏ စီးပွားရေးအခြေအနေသည် ဆိုးရွားသည်မဟုတ်။ စီးပွားရေးကောင်းသည်။ သို့သော် ဦးလေးက တူမလေးအား ကျောင်းထုတ်မည်ဟု ဆို၏။ တူမလေးကဉာဏ်ကောင်းသူ၊ စာတော်သူ၊ ဘွဲ့ရပညာတတ်ကြီးဖြစ်ရန် ဆန္ဒပြင်းထန်သူ။

ကျောင်းထုတ်မည်ဆိုတော့ တူမကြီးက ဝမ်းပန်းတနည်း ငိုယိုပြီး ကျွန်တော့်ကို အကူအညီတောင်းသဖြင့် ဦးလေးနှင့်ကျွန်တော် တူမကြီးကိစ္စဆွေးနွေးရသည်။ ဦးလေး၏အကြောင်းပြချက်က ရှင်းလင်းပြီး ခေတ်နောက်ကျနေသည်ဟု ဆိုရမည်။

"ငါ နီနီကို ကျောင်းထုတ်ရတာ နီနီ စာမတော်လို့၊ မတတ်နိုင်လို့ မဟုတ်ဘူး၊ မလိုအပ်လို့ကွ။ တစ်နေ့ သူ အိမ်ထောင်ပြုမှာပဲ၊ မီးဖိုချောင်သချိုင်းထဲမှာ မြုပ်နှံရမယ်။ လင့်ဝတ္တရားဆောင်ရွက်ရင်း အချိန်ကုန်ရမယ်။ လင်သားကိစ္စ၊ သားသမီးကိစ္စနဲ့ ဇရာရိပ်ခိုသွားမယ်။ ဒီလိုဘဝနေရမယ့် လူအတွက် ပညာလိုလား၊ အကျိုးမဲ့ အချည်းအနှီး ငွေကုန်ခြင်းလို့ ခံယူတယ်၊ ဒါကြောင့် ကျောင်းထုတ်တာ၊ နီနီ သေစာ၊ ရှင်စာမက တတ်ပြီ၊ မလိုတော့ဘူး"

ဦးလေးစကားသည် ချုပ်ရိုးဟောင်းအပေါ် ချုပ်ရိုးသစ်တင်ခြင်းသာ ဖြစ်သည်။ အမြင်ကျဉ်းကျဉ်း ဆုံးဖြတ်ခြင်းသာဖြစ်သည်။ လူတစ်ယောက်၏ အညွန့်ကို ရိုက်ချိုးနေခြင်းမှန်းသိပုံမရသဖြင့် ရှင်းလင်းပြောပြရသည်။ ဒီလိုအဖြစ်နှင့် ဘဝရေ

တိမ်နစ်သွားသူများစွာ ရှိခဲ့သည်။ ဤသည်မှာ မိန်းမတို့၏အနာဂတ်ရည်မှန်းချက် ကျိုးပျက်မှုများစွာမှ မိဘတို့နှင့် ပတ်သက်သည့် အကြောင်းတရားတစ်ခုဟု ဆိုရမည်။ ဒါကို လူကြီးမိဘများ သတိချပ်ရမည်။

စင်စစ် မိန်းကလေးများ၏ အနာဂတ်ရည်မှန်းချက် ဖြစ်တည်အောင်မြင်မှုတွင် လူကြီးမိဘများ၏ အမြော်အမြင်ကြီးမားမှု၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုသည် အဓိကအကြောင်းတရားလည်း ဖြစ်၏။ မိဘများ၏ အမြော်အမြင်၊ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျမှုကြောင့် မိန်းကလေးတို့ အနာဂတ် မျှော်လင့်ချက် မှောင်အတိကျတတ်သည်ကို မိဘတို့ မမေ့သင့်ပါ။

ॐ

## ရည်မှန်းချက်အဖြစ်အပျက်နှင့် အဓိကအကြောင်းတရားများ

မိန်းမတို့၏ အနာဂတ်ရည်မှန်းချက် အဖြစ်အပျက် အကြောင်းတရားများကို စူးစမ်း လေ့လာလျှင် ထူးခြားသော အကြောင်းအချက်များကို တွေ့ရလေသည်။ ထိုအကြောင်းအချက် များတွင် သဘာဝတရားနှင့် ဆက်နွယ်သော အချက်များစွာ ရှိသလို ပံ့ပိုးရိုက်ခတ်မှုများစွာ ရှိသည်ကိုလည်း တွေ့ရသည်။

## (က) မိန်းမသဘာဝနှင့် ရည်မှန်းချက် အဖြစ်အပျက်

မိန်းမနှင့် ယောကျ်ား၏ ကွာခြားမှု၊ မတူညီမှု ပြဿနာများကို အဖြေရှာလျှင် လိင်သဘာဝ ကွဲပြားခြားနားမှု တစ်ခုတည်းမဟုတ်ကြောင်း၊ ကွဲပြားမှု၊ မတူညီမှု ပြဿနာတွင် စိတ်ဓာတ်လည်း အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်း စူးစမ်း မှတ်သားရသည်။

မဆုတ်မနစ်သောဇွဲ၊ ခံနိုင်ရည်ရှိမှုတွင် မိန်းမသည် ယောကျ်ားထက် သာလွန်ခြင်း မရှိပေ။ မိန်းမသည် သဘာဝအရ နုနယ်သူများဖြစ်သကဲ့သို့ ထုသားပေသားမကျသည်ကို တွေ့ရသည်။

ဤသည်မှာ သဘာဝတရား စည်းကြပ်မှုကြောင့် ဖြစ်သည်ဆိုလျှင် မမှားပေ။

ထိုသဘာဝတရား၏ စည်းကြပ်မှုဒဏ်ကြောင့်ပင် မိန်းမတို့၏ ရည်မှန်းချက် ပြိုပျက်မှု ရှိခဲ့သည်ဟု ဆိုလျှင် မမှား ချေ။

ဒဂုံမဂ္ဂဇင်းသင်စာပေ

## (၁)ရည်မှန်းချက်အဖြစ်အပျက်နှင့်ပတ်ဝန်းကျင်

လူသည် အထီးတည်း ရပ်တည်သူ မဟုတ်ချေ။ အထူးသဖြင့် မိန်းမသည် သဘာဝတရား၏ စည်းကြပ်မှုကြောင့် ပတ်ဝန်းကျင်ကို အမှီအတွယ် ပြုရသည်။ ပတ်ဝန်းကျင် ဆိုသည်မှာ မိမိနှင့်ယှဉ်လာသော အခြားသူများကို ခေါ်ခြင်းမည်သည်။ မိဘသည်ပင် ဝန်းကျင် ဆိုရမည်။

မိန်းမဘဝသည် "ကုမုဒြာကြာပန်း" နှင့် တူ၏။ ကုမုဒြာကြာပန်းသည် လရောင်ဆမ်းမှ ပွင့်လန်းသည် မဟုတ်တုံလော။ မိန်းမတို့၏ အနာဂတ်ရည်မှန်းချက် ဖြစ်တည်မှု၊ ပျက်ပြားမှု အကြောင်းတရားတို့တွင် ပတ်ဝန်းကျင်ရိုက်ခတ်မှု နှုန်းထားသည် အပြင်းထန်ဆုံးဟု ဆိုရမည်။ မိန်းမတို့၏ ရည်မှန်း

ချက်ဖြစ်တည်မှု၊ ပျက်ပြားမှုတွင် မိဘ၏လွန်ကဲစွာ အခွင့်အရေးပေးမှု၊ ပတ်ဝန်းကျင်၏ တွန်းအားပေးမှု မမှန်ကန်ခြင်းသည် အကြီးမားဆုံးပျက်ပြားမှုကို ဖန်တီးကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် မိန်းမတို့သည် သဘာဝအနေအထားအရ စိတ်ဓာတ်ကြံ့ခိုင်မှုအား နည်းပါးသောကြောင့်ဖြစ်သည်။

စိတ်ဓာတ်အား နည်းပါးသူသည် ပတ်ဝန်းကျင်ရိုက်ခတ်မှုကို မည်သို့လျှင် ခံနိုင်မည်နည်း။

ထို့ကြောင့် မိန်းမတို့သည် မိမိ၏အနာဂတ်ရည်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် ပတ်ဝန်းကျင်ရိုက်ခတ်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရမည်ဟု အသိဝင် သတိချပ်သင့်သည်။

✿

ဒဿမဟန်သစ်စာပေ

## (ဂ) ရည်မှန်းချက်အဖြစ်အပျက်နှင့် ရည်မှန်းချက်အပြောင်းအလဲ

မိန်းမတို့၏ ရည်မှန်းချက် ဖြစ်တည်မှု၊ ပျက်ပြားမှု အကြောင်းတရားနှင့် ပတ်သက်၍ စူးစမ်းသုတေသနပြုလျှင် မိန်းမတို့သည် အနာဂတ်ရည်မှန်းချက် ထားရှိမှုနှင့် ပတ်သက်၍ တစ်သမတ်တည်း မဟုတ်ဘဲ အပြောင်းအလဲရှိကြောင်း တွေ့ရသည်။

ထိုအကြောင်းတရားနှင့် စပ်လျဉ်း၍ မိန်းမအတော်များများကို ထိတွေ့မေးမြန်းခဲ့သည်။ မိန်းမများစွာ၏ ရင်ဖွင့်ချက်သည် မိန်းမများအတွက် နှလုံးသွင်း ချင့်ချိန်စရာလည်း ဖြစ်ပေသည်။ ရင်ဖွင့်ချက်များသည် အခြားမဟုတ်။

ရည်မှန်းချက် ကြီးကြီးထားသူများကို စူးစမ်းသုတေသနပြုကြည့်လျှင် မိန်းမများသည် ရည်မှန်းချက်ကြီးကြီးထားသူများမှန်း သိရသည်။ သို့သော် မိန်းမများသည် မိမိထားရှိသည့်

ရည်မှန်းချက် မအောင်မြင်မှန်းသိလျှင် ရည်မှန်းချက်ကို လွှဲပြောင်းလဲတတ်ကြောင်း တွေ့ရသည်။

မိန်းမတစ်ဦးက ပြောသည်။

"ကျွန်မတို့ မိန်းမသားတွေကို ရည်မှန်းချက် မခိုင်မာသူတွေလို့ ပြောကြတယ်။ တကယ်တော့ ကျွန်မတို့ မိန်းမသားတွေဟာ အနာဂတ်ရည်မှန်းချက်နဲ့ ပတ်သက်လို့ ခိုင်ခိုင်ကျည်ကျည် ဆုပ်ကိုင်ဖန်တီးတတ်သူတွေပါ။ ကိုယ်တိုင် မပြည့်ဝခဲ့ရင် ကိုယ့်မျိုးဆက်သစ်တွေ လက်ထဲမှာ အောင်မြင်ပြည့်မြောက်အောင် စွမ်းဆောင်သူတွေပါ"

တဲ့။ သည်စကားသည် အဓိပ္ပာယ်ပြည့်ဝန်းသည့် စကားပင်။

ဤသည်မှာ ပင်ကိုသဘာဝစွမ်းဆောင်ချက်လည်း ဖြစ်သကဲ့သို့ မိန်းမသားတို့၏ ခိုင်ကျည်သည့် စိတ်စွမ်းအင်စွမ်းဆောင်ချက်ဆိုလျှင်လည်း မမှားချေ။

အားမာန်သစ်စာပေ

## မိန်းမနှင့် ရည်မှန်းချက် အပြောင်းအလဲ

မိန်းမနှင့် အနာဂတ်ရည်မှန်းချက် ထားရှိမှုနှင့် မိမိရည်မှန်းချက် မအောင်မြင်လျှင် မိန်းမတို့သည် မိခင်အနွယ်ဝင်များ ဖြစ်သကဲ့သို့ အောင်မြင်မှုနှင့် ပတ်သက်၍ ပွံပိုးကူညီတတ်ကြောင်း ထပ်ဆင့်လေ့လာ တွေ့ရှိရသည်။ မိန်းမတို့သည် ကိုယ့်ရည်မှန်းချက် မအောင်မြင်ခဲ့လျှင် အခြားသူ၏ အောင်မြင်မှုကို ဖျက်ဆီးသည့် အလေ့အထမရှိကြောင်းနှင့် ပွံပိုးကူညီသည့် မြင့်မြတ်သည့်နှလုံးသားရှိကြောင်း တွေ့ရသည်။

မိန်းမတို့၏ ရည်မှန်းချက် အပြောင်းအလဲနှင့် ပတ်သက်၍ လေ့လာလျှင် ထူးခြားသော သာဓကတစ်ခုကို တွေ့ရမည်ဖြစ်သည်။ ထိုသာဓကသဘောကို တိကျစွာ လှစ်ဟပြသလိုရှိခဲ့သည့်အဖြစ်က သိဒ္ဓတ္ထနှင့် ဘဒ္ဒကစ္စနာယသော်ဓရာဒေဝီတို့၏

ဖြစ်စဉ်ပင်။ ယသော်ဓရာဒေဝီသည် သိဒ္ဓတ္တမင်းသား ချစ်လင်ကို စကြဝတေးမင်းအဖြစ် မြင်လိုသည်။ မိမိသည်လည်း စကြဝတေး မင်း၏ တောင်ညာစံဒေဝီ မဟေသီအဖြစ် ခံယူလိုသည်။ သို့သော် သိဒ္ဓတ္တမင်းသားက လောကီစည်းစိမ်ကို ငြီးငွေ့ကာ တောထွက် မည်ဆိုတော့ ယသော်ဓရာသည် ဟန့်တားခြင်းအမှုအရာကို မပြ ခဲ့။ သိဒ္ဓတ္တမင်းသားဆန္ဒကို ဖြည့်ဆည်းခဲ့သည်။

ဤဖြစ်စဉ်နှင့် ပတ်သက်၍ ဂေါတမဗုဒ္ဓ၏ မိန့်ကြား ချက်က သက်သေဟု ဆိုရမည်။

"ဘဒ္ဒကစ္စနာယသော်ဓရာဟာ ငါ ဘုရားစင်စစ် ကေန် ဖြစ်ဖို့အတွက် အဓိကပံ့ပိုးသူဖြစ်တယ်။ ငါ လောကီကို ကျောခိုင်းပြီး တောထွက်ဖို့ ဆုံးဖြတ်ပြီးတော့ ငါကိုယ် တိုင် ဘဒ္ဒကစ္စနာကို တိုင်ပင်ခဲ့တယ်၊ ခွင့်တောင်းခဲ့တယ်။ ဒီအချိန်မှာ ဘဒ္ဒကစ္စနာအနေနဲ့ မျက်ရည်လည်ရွဲနဲ့ တားခဲ့ ရင် ငါ တောထွက်ဖြစ်မှာ မဟုတ်ဘူး။ သူ့ရဲ့ မငိုသော၊ မရယ်သော၊ မပြုံးသော၊ မမဲ့သော အပြုအမူဟာ ငါ့ထွက် လမ်းအတွက် ပံ့ပိုးသူပဲ။ ဒါကြောင့် ဘဒ္ဒကစ္စနာယသော် ဓရာဒေဝီဟာ ငါ့ရဲ့ ခင်ပွန်းကောင်းလည်း မည်တယ်။ ကျေးဇူးရှင်လည်း မည်တယ်"

ဗုဒ္ဓဂေါတမရဲ့ ဒီမိန့်ကြားချက်ဟာ မိန်းမတို့ရဲ့မွန် မြတ်သော ရည်မှန်းချက် ထားရှိမှု၊ အနစ်နာခံတတ်မှုကို ဖော်

ညွှန်းတာဆိုလည်း မမှားပေ။ ဤကဲ့သို့ပင် မိန်းမတို့သည် ရည်ရွယ်ချက်ကြီးကြီးထားရှိသူ၊ ရည်မှန်းချက် မရိုင်မာသော်လည်း ပုံပိုးကူညီမှုအရာတွင် အနိုင်းမဲ့သူများဟု ဆိုရမည်။

မည်သို့ဆိုစေ မိန်းမဆိုသည်မှာ သဘာဝအရ အားနွဲ့သူ၊ ဒုတိယလူ ဖြစ်သော်လည်း မိမိရည်မှန်းချက် မဟုတ်သော်လည်း မိမိနှင့် ပတ်သက်သည့် အခြားသူများအတွက် ဖြည့်ဆည်းရာတွင် တိကျခိုင်မာသူ၊ ရဲရင့်သူ စင်စစ်ကောန်ဖြစ်သည်ကို မမေ့သင့်ပေ။ ထို့အတူ မိန်းမတို့၏ ကိုယ်ရည်ကိုယ်သွေးညွှံမှုကြောင့် သက်သက် မဟုတ်ဘဲ ပတ်ဝန်းကျင်ကြောင့် ဖြစ်ပျက်ခြင်းများဖြစ်သဖြင့် နားလည်ခွင့်လွှတ်ခြင်းဖြင့် ဖေးမကူညီရန် တာဝန်ရှိပြီဟု နားလည်မိပါတော့သည်။

❀

အားမာန်သင်စာစဉ

# မိန်းမနှင့်အိမ်ထောင်ခိုင်မြဲရေး
# အချက်(၁၀)ချက်

"လူ့ဘဝရဲ့ သက်တမ်းများစွာဟာ အိမ်ထောင်ရေးလောက ထဲမှာ ရှိတယ်လေ။ ဒီလောကမှာ သာယာမှုရသူဟာ ဘဝ သာယာမှုရသူပဲ။ ငါ့ဘဝကို ပြန်တွေးမိရင် ငါဟာ ဘဝ သက်တမ်း တစ်ဝက်ကျော်ကျော်ထိ သာယာမှုကို မရခဲ့ ဘူး။ ဒါဟာ ငါ့အမှားဆိုတာ ငါသိရပြီ။ ငါ့အမှားတွေကို ပြန်သုံးသပ်ထားတယ်"

ကျွန်တော်က ...

"အဲဒီအမှားသုံးသပ်ချက်တွေဟာ အမှန်ဖြစ်တည်မှုရဲ့နိဒါန်း ပဲ အင်ကြင်း၊ မကောင်းမှုရဲ့ အခြားတစ်ဖက်မှာ ကောင်းမှု ရှိတယ်၊ သောကရဲ့တစ်ဖက်မှာ သုခ ရှိတယ်၊ ဒါ နိယာမ လေ"

ဟု ပြောခဲ့သည်။

"ဟုတ်တယ် အောင်မြတ်ဦး၊ ငါ အခုဆိုရင် အိမ်ထောင် သာယာ ခိုင်မြဲရေးအတွက် လိုအပ်ချက်တွေကိုလည်း စုဆောင်းရှာဖွေပြီးပြီ၊ လိုက်နာကျင့်သုံးဖို့လည်း ဆုံးဖြတ် ပြီးပြီ"

သူက အဓိဋ္ဌာန်ချပြီးဟန်ဖြင့် ခိုင်ခိုင်မာမာ ပြော သည်။ သူ့စကား၊ သူ့ဆုံးဖြတ်ချက်ကို နားထောင်ရင်း ကျေနပ် ပီတိဖြစ်ရသည်။ သူ့အား ရင့်ကျက်တည်ငြိမ်လာပြီဟု ပြောရင် လည်းမမှား။

ဘာပဲဖြစ်ဖြစ် ဤအဖြစ်ကပင် ဘဝအတွက် ငြိမ်းချမ်းခြင်း လက္ခဏာဟု ဆိုနိုင်သည်။

ဤကဲ့သို့ပင် အင်ကြင်းနှင့်ထပ်တူ အိမ်ထောင်သာယာခိုင်မြဲရေးနည်းလမ်း ရှာဖွေနေသူများအတွက် ဝမ်းမြောက်ဖွယ်လက်ဆောင်များကို မျှဝေပေးလိုစိတ် ပြင်းထန်လာသည်။

ထို့ကြောင့် ကျွန်တော် ဤဆောင်းပါးကို ရေးသားရန် ဆုံးဖြတ်သည်။

အိမ်ထောင့်ရေးဆိုတာ လူ့ဘဝရဲ့လာဘ်တစ်ပါးပင်။

စင်စစ်တော့ မိန်းမ ယောက်ျား အတော်များများသည် အိမ်ထောင်ရေးလောကထဲသို့ ခြေချတိုးဝင်ခဲ့ကြသော်လည်း အိမ်ထောင်ရေးဘဝကို ပီပီပြင်ပြင် မသိကြချေ။

စင်စစ် အိမ်ထောင်ပြုခြင်း ဆိုသည်မှာ လူ့ဘဝအတွက် အနှစ်သာရပြည့်စုံသောအပိုင်း ဖြစ်သကဲ့သို့ လွယ်ကူခြင်းလည်း မရှိသလို တစ်သက် တစ်ဘဝ သုခဝေစရာ၊ သောကဝေစရာဟုဆိုလည်း မမှားချေ။

အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ပြုခြင်းဆိုသည် မိန်းမနှင့်ယောက်ျား ခရီးရှည်ကြီးတစ်ခုကို အင်မတန်သေးငယ်သော လှေကလေးတစ်စီးနှင့် လှိုင်းထန်လေကြမ်းသည့် ကာလတွင် သွားနေသည်နှင့်တူ၏။ လှိုင်းထန် လေကြမ်းသော ကာလတွင် လှေကလေးနှင့် သွားလျှင် လူးနိုင် လိမ့်နိုင်သကဲ့သို့ အိမ်

ထောင်ရေးခရီးတွင်လည်း အကောင်းကို ဆုံနိုင်သလို အဆိုးကို လည်း ကြုံနိုင်၏။

လှေက လူးခဲ့၊ လိမ့်ခဲ့လျှင် ထိန်းရမည်။ တစ်ယောက်ကထိန်းလျှင် တစ်ဦးက ထိန်းရမည်ပင်။ နှစ်ဦးစလုံး မထိန်းလျှင် လှေသည် မြုပ်သွားလိမ့်မည်။ အိမ်ထောင်ရေးသည် လည်း ဤကဲ့သို့ပင်ဖြစ်၏။

ဆွေမတော်၊ မျိုးမစပ်သော လူသားနှစ်ဦး ပေါင်းစည်းအတူနေခြင်း ဖြစ်သဖြင့် အစဉ်အမြဲ စိတ်သဘောချင်းတိုက်ဆိုင်မည်ဟု မဆိုသာ။ ဘာမဟုတ်သည့်ကိစ္စကလေးများကြောင့်ပင် ပြဿနာ ဖြစ်နိုင်၏။

လျှာနှင့် သွားလို ထိမိ၊ ခိုက်မိ၊ ကိုက်မိနိုင်၏။

ထို့ကြောင့် ဤသို့မဖြစ်အောင် ထိန်းသိမ်းမှုများ လိုအပ်သလို စောင့်စည်းမှု၊ ခွင့်လွှတ်သည်းခံမှု၊ နားလည်မှုများ အထူးလိုအပ်သည်ဟု ဆိုရမည်။ ဤကဲ့သို့ပင် ဤအဖြစ်များကင်းဝေးစေရန် နည်းလမ်းများကို ရှာဖွေကြည့်သောအခါ အောက်ပါ အချက်များကို တွေ့ရသဖြင့် တင်ပြလိုက်ရပြန်သည်။

အားမာန်သစ်စာပေ

၁။ အိမ်ထောင်ရေးကိစ္စကို လွယ်လွယ်မတွေးသင့်ပါ။ အိမ်ထောင်ပြုတော့မည်ဆိုလျှင် အိမ်ထောင်ရေးနှင့် ပတ်သက်သည့်ကိစ္စများကို အသေးစိတ် လေ့လာထားသင့်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်သဖြင့် ဘဝနှစ်ခု ပေါင်းစပ်ရန် စီစဉ်ဆုံးဖြတ်ခြင်း ဖြစ်သော်လည်း စိတ်သဘောချင်း တူညီမည်။ ၅၀ ရာခိုင်နှုန်းစီ ကိုက်ညီမည်ဟု စိတ်ကူးမယဉ်သင့်ပါ။ အများဆုံး ကိုက်ညီမှုသည် ၂၅ ရာခိုင်နှုန်းမျှသာ ရှိနိုင်ပါသည်။ ထို့ကြောင့် လျှာနှင့်သွားလို အစနေ့မသင့်ကိုက်မိတတ်ပါသည်။ ထို့အတူ အိမ်ထောင်ရေးတွင်ရှိသည့် ကိစ္စများစွာအနက် မိမိတို့ ကလေးဘယ်နှယောက်ယူမည် ဆိုသည့်အဆင့်အထိ အသေးစိတ် အစီအစဉ်များ ဆွဲထားသင့်ပါသည်။

၂။ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း အမှုသည် လူတိုင်းမနှစ်သက်ကြပါ။ အိမ်ထောင်ရေးတွင် အပျော်ကို ဖျက်ဆီးခြင်း မည်ပါသည်။ သို့သော် အိမ်ထောင်ရှင်တစ်ဦးဦး ဒေါသထွက်ခြင်း၊

စိတ်ဆိုးခြင်းဖြစ်လျှင် ခွင့်ပြုပါ။ စိတ်ဆိုးဒေါသထွက်ရုံနှင့် ပြဿနာကြီးမဖြစ်နိုင်ပါ။ အရေးကြီးသည်မှာ ဘာကြောင့် ဒေါသဖြစ်သည်၊ စိတ်ဆိုးသည်ကို သိအောင် ကြိုးစားပါ။ ဒေါသထွက်၊ စိတ်ဆိုးခြင်းကြောင့် ချုပ်တည်းထားရသောသူကို ထွက်ပေါက်ပေးပါ။ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းသည် မကျေနပ်ချက်မှ စတင်ဖြစ်ပွားခဲ့သည် ဖြစ်သဖြင့် မကျေနပ်ချက်ကို ရင်ဖွင့်ခွင့်ပြုခြင်းသည် ပြေလည်ခြင်းနိဒါန်းဟု နားလည်ပါ။

၃။ အိမ်ထောင်ရေးတွင် မကြာခဏ အချင်းချင်း အထင်လွဲတတ်သလို စကားများတတ်ပါသည်။ ဤသို့ဖြစ်ရခြင်းသည် သေးသေးမွှားမွှားကိစ္စလေးများကြောင့် ဖြစ်တတ်ပါသည်။

အိမ်ထောင်စုတစ်ခုတွင် နှစ်ဦးသား ကြည်ကြည်နူးနူးနေရာမှ ရုတ်ခြည်း စိတ်အခန့်မသင့်ဖြစ် စကားများရခြင်းသည် အများအားဖြင့် ပြတင်းပေါက်တံခါးပိတ်ခြင်းမှ စတင်ပါသည်။ ထို့ကြောင့် ပြတင်းပေါက်တံခါးများ ပိတ်သည့်နေရာတွင် သူလုပ်ရမည်၊ ငါ လုပ်ရမည် မခွဲခြားပါနှင့်။ ကြုံရာလူက လုပ်လိုက်ပါ။

၄။ အိမ်ထောင်ရေးလောကတွင် ဇနီးကဖြစ်စေ၊ ခင်ပွန်းကဖြစ်စေ တစ်ဦးတစ်ယောက်သည် တစ်ခါတစ်ရံ ဒေါသထွက်ပြီး ပေါက်ကွဲတတ်ပါသည်။ ဤသို့ဖြစ်ရခြင်းသည် မိမိ၏ခံစားချက်ကို တစ်ဦးတစ်ယောက် နားလည်အောင် ရင်ဖွင်တာလား သို့မဟုတ် ရန်သက်သက်စချင်လို့ နှိုးဆွတာလား ဆိုတာ ခွဲခြားသိရှိနားလည်အောင် ကြိုးစားပါ။

၅။ အိမ်ထောင်ဖက် တစ်ဦးတစ်ယောက် စိတ်မချမ်းမသာ ဖြစ်ရတာဟာ ရှိတတ်သည်။ ဤသည်ကို ကျန်တစ်ဦး(မိမိ)ကြောင့်ဟု ထင်တတ်သည်။ ဤအယူအသည် မှားယွင်းပါသည်။ အိမ်ထောင်ဖက်တစ်ဦး၏ စိတ်မချမ်းမသာ ဖြစ်ရခြင်းသည် အခြားတစ်ဦးကြောင့်ချည်း မဟုတ်သည်ကို သတိချပ်ပါ။

၆။ အိမ်ထောင်ရေးလောကတွင် အိမ်ထောင်ရှင်တစ်ဦး မိမိနှင့်ပတ်သက်၍ ကာကွယ်ခုခံရန် ကျန်အိမ်ထောင်ဖက် အပေါ်သို့ အပြစ်ပုံလွှဲချတတ်သည့် အလေ့အထကို တွေ့ရသည်။ ဤသည်မှာ မှားယွင်းသော အလေ့အထ ဖြစ်သည်။

၇။ အိမ်ထောင်ရေးမှာ ခုဖြူတယ်ပြောပြီး နောက်နေ့ မည်းတတ်၏။ ဒီကနေ့ ဒီဟင်းကြိုက်လှချည်ရဲ့ပြောပြီး နောက်တစ်နေ့ ချက်ကျွေးတော့ အပြစ်ရှာသည်ကို တွေ့ရတတ်သည်။ ဤသို့ဖြစ်လျှင် မိန်းမများက ယောကျ်ားကို အပြစ်ပုံချတတ်သည်။ အိမ်ပေါ်က ဆင်းသွားတတ်သည်။ အထူးသဖြင့် ယောကျ်ားများသည် အပြစ်ရှာတတ်သူ နည်းပါသည်။ စိတ်အခန့်မသင့်ဖွယ် အကြောင်းတစ်ခုခုကြောင့် ဖြစ်တတ်ပါသည်။ စူးစမ်းပါ။ ဘေးမှ မဟုတ်မမှန် ကုန်းစကားဆိုသဖြင့်ဟု သိလျှင် ချိုသာစွာရှင်းပြပါ။ မိမိအကြွေးယူတာ သိသွားလို့ဆိုရင် တောင်းပန်ပါ။ ပြုပြင်ပါ။

၈။ အိမ်ထောင်ရေးလောကမှာ စည်းကမ်းမဲ့ ပြုတတ်သည့် အလေ့များကို တွေ့ရသည်။ အိမ်ထောင်ဖက်ရှေ့တွင် တစ်မျိုး၊

အိမ်ထောင်ဖက်ကွယ်ရာတွင် တစ်မျိုး ပြုလုပ်သည့် အလေ့အထ ဖြစ်သည်။ ဤအလေ့အထသည် ရှောင်ကြဉ်ရမည့် အလေ့အထ ဖြစ်သည်။ တစ်သမတ်တည်း ကျင့်ကြံနိုင်စေရန် ကြိုးစားပါ။

၉။ အိမ်ထောင်ရေးလောကတွင် မိမိတို့ဖြစ်သည့် ကိစ္စအား ကလေးငယ်တို့နှင့် အကြောင်းပြု ဖြေရှင်းတတ်သည့် အလေ့အထ များကို တွေ့ရသည်။ တချို့မိန်းမများက ယောကျ်ားနှင့်တကျက် ကျက် ရန်ဖြစ်နေတာ သားသမီးရလျှင် အေးသွားမည်ဟု ယူဆ သည်။ မမှန်ကန်ပါ။ အရာရာ တိကျစွာ အဖြေရှာ၍ ဖြေရှင်းပါ။ မိမိတို့ကြောင့် သားသမီးများ ဒုက္ခမရောက်ပါစေနှင့်။

၁၀။ အိမ်ထောင်ရေးလောကတွင် မသုံးသင့်သော စကားများ ရှိပါသည်။ "ကွာရှင်းမယ်၊ ပြတ်စဲမယ်"ဆိုသော စကားဖြစ်သည်။ ထိုစကားသည် ချစ်ခင်နှစ်သက်၍ အိမ်ထောင်ဖက် ပြုလာသူများ အတွက် ဘယ်မျှ စိတ်ဆိုးစေ မပြောသင့်သောစကားဖြစ်သည်။

ထို့ကြောင့် အိမ်ထောင်ရှင်များသည် "ကွာရှင်းမယ်၊ ပြတ်စဲမယ်"ဆိုသောစကားကို ဘယ်တော့မှ မပြောပါနှင့်။ မသုံးစွဲပါနှင့်။

ဗိန်းမနှင့်
စိတ်ယဉ်ကျေးမှု

## မိန်းမနှင့် စိတ်ယဉ်ကျေးမှု

မိန်းမအကြောင်းကို စေ့ငုစွာ လေ့လာလေ နက်နဲလေဟု ဆိုရမည်။ အချို့က သုံးတောင်ဝတ်သူတိုင်းကို မိန်းမဟု ခေါ်ဝေါ်သမုတ်ကြ၏။ အချို့က မိန်းမတို့အား ယုတ်ညံ့သူဟု လွယ်လွယ်ပြောကြ၏။ စင်စစ်မူ ဤသည်မှာ ကြီးစွာသော အမှားတစ်ခု လွန်ကျူးခြင်းဟုဆိုလျှင် မမှားချေ။

မိန်းမအကြောင်း လေ့လာလျှင် သမ္မာကျမ်းစာ၌ မိန်းမဟူသည် ယောကျ်ား၏ နံရိုးတစ်ချောင်းနှင့် ဖန်ဆင်းတော်မူသည်ဟု ပြဆိုထားသည်ကို တွေ့ရ၏။ မိန်းမဟူသည် လောကတွင် အကြီးမားဆုံး အင်အားစုတစ်ခု ဖြစ်သလို မဟာယောကျ်ားသားတို့အတွက် မရှိမဖြစ်သောသူလည်း ဖြစ်၏။ သို့သော် မိန်းမဟူသည် ယောကျ်ားတို့၏ အဖျော်ဖြေခံဟူ၍ကား မမှတ်ယူသင့်ပေ။

အဘယ်ကြောင့် ဆိုသော် မိန်းမတွင် မိန်းမဆိုး၊ မိန်းမညံ့များ ရှိသလို မိန်းမကောင်း မိန်းမမြတ်များ ရှိသည်ကို မမေ့သင့်ပေ။ "မိန်းမဖျက် ပြည်ပျက်"ဆိုသော စကားသည် မိန်းမဆိုး၊ မိန်းမညံ့များကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်သလို "ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်၏"ဟူသော စကားသည် မိန်းမကောင်း မိန်းမမြတ်များကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်သည်ကိုမူ သတိချပ်ရမည်ဖြစ်၏။

မိန်းမဟူသည် ကမ္ဘာကြီး ငြိမ်းချမ်းအေးမြမှုကို ပေးနိုင်သူ ဖြစ်သလို ကမ္ဘာကြီးတစ်ခုလုံး ပူလောင်ကျွမ်းကြေအောင် ပြုနိုင်စွမ်းသဖြင့် မိန်းမသည် မီးနှင့်တူသည်ဟု သိုးဆောင်းစကားတွင် ဆိုမိန့်ထားသည်ကို တွေ့ရ၏။ ဤစကားသည် မှားယွင်းတိမ်းချော်သောစကား မဟုတ်သည်ကို သတိချပ်ရမည်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် မိန်းမသည် လူသားအားလုံး၏ မိတ်ဆွေဖြစ်သလို လူသားအားလုံး၏ ရန်သူလည်းဖြစ်နိုင်သောကြောင့်တည်း။

အောင်မြတ်ဦးစာပေ

တိုးတက်မှုဖြစ်စဉ်သည် သမိုင်းကြောင်း အပြောင်းအလဲများနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည်ဟုဆိုလျှင် မမှားသကဲ့သို့ ငြင်းချက်ထုတ်စရာလည်း မရှိချေ။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် ယခု ကွန်ပျူတာခေတ် ပြောင်းလဲမှုသည် ဘယ်လိုမှ ညှိမရနိုင်လောက်အောင် ကွာခြားနေမည်မှာ အမှန်ဖြစ်သည်။

ထိုပြောင်းလဲမှုများတွင် သက်မဲ့ပြောင်းလဲမှုများ အနတ္တကမ ရှိသလို သက်ရှိတို့၏ ပြောင်းလဲမှုသည်လည်း အနတ္တကမ ရှိခဲ့လေသည်။ သက်မဲ့ပြောင်းလဲမှုသည် အသိဉာဏ်ကြွယ်ဝသော လူသားတို့၏ စီစဉ်မှုလက်အောက်တွင် ရှိနေကြသောကြောင့် ထိုပြောင်းလဲမှုသည် ကမ္ဘာလောကကြီးကို အိုးမည်းမသုတ်နိုင်။

ကမ္ဘာလောကကြီးအား အိုးမဲသုတ်သကဲ့သို့ ပြုနိုင်သူက သက်ရှိပြောင်းလဲမှုများသာဖြစ်၏။ လူ့သမိုင်း၌ လူသားတို့၏ ပြောင်းလဲမှုဖြစ်စဉ်ကို တိုးတက်မှု ဖြစ်စဉ်ဟု ဆိုကြ၏။ တိုးတက်မှုဖြစ်စဉ်သည် ကမ္ဘာလောကကြီးအတွက် ကောင်းမြတ်မှု သင်္ကေတဟုလည်း ဆိုနိုင်၏။

သို့သော် ယင်းတိုးတက်မှု ဖြစ်စဉ်နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် ခေတ်မီခြင်းကိုမူ သတိချပ်ရမည် ဖြစ်၏။ ခေတ်မီခြင်းသည် တိုးတက်မှုဖြစ်စဉ်၏ ဖွားဖက်တော်လည်း ဖြစ်၏။ တိုးတက်မှုဖြစ်စဉ်နှင့်အတူ ခေတ်မီခြင်းသည် မှီဝဲတွယ်ကပ်လျက် ရှိလေ၏။ ခွဲခြား၍မူ မရနိုင်ချေ။

မော်ဒယ်စတိုင် (Model Style)ဟူသော စကားများကို ၂၀ ရာစုနှောင်းပိုင်းတွင် ဖန်တစ်ရာတေ ကြားရလေ၏။ ကမ္ဘာအရပ်ရပ်တွင် ဈေးကွက်အခြေခံသော စီးပွားရေးစနစ် ကြီးထွားလာသကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ဖြစ်တည်ရှင်သန်လာခဲ့သည်။ ကမ္ဘာအရပ်ရပ်တွင် စီးပွားရေးလမ်းကြောင်းများ ပြောင်းလဲလာသလို တိုးတက်မှု ဖြစ်စဉ်များ တရိပ်ရိပ် မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်၏။

ယခုအချိန်တွင် မြန်မာနိုင်ငံသည်လည်း ပြောင်းလဲမှုများနှင့်အတူ ကမ္ဘာ့အလယ်တွင် ဝင့်ထည်လာပြီဖြစ်၏။ ကမ္ဘာ့အဆင့်မီလာပြီဟု ဆိုလျှင်လည်း မမှားချေ။ ထို့အတူ ခေတ်မီခြင်း၊ တိုးတက်ခြင်းနှင့်အတူ မရှောင်လွှဲနိုင်သည့် နိယာမတရားအရ

ဆုတ်ယုတ်ခြင်းများကော ရှိလာပြီလား ဆိုသည်ကို စဉ်းစားဖို့လို လာလေပြီ။ ကောင်းမြတ်ခြင်းနှင့်အတူ ဆိုးရွားမှု၊ ဆုတ်ယုတ်ခြင်းဟူသည် ယှဉ်တွဲရှိနေသည်မှာ ဓမ္မတာတည်း။

သည်နေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် ဗြိတိသျှစာနယ်ဇင်းသမား ဂျော့ခ်ဝုလ်၏ စကားကို တင်ပြလို၏။ သူနှင့် ကျွန်တော်သည် ၁၉၉၀ ပြည့်လွန်နှစ်များက ပန်းဆိုးတန်း စာအုပ်ဟောင်းတန်းတွင် ဆုံကြ၏။ သူက မြန်မာပြည်နှင့် ပတ်သက်သည့် စာအုပ်ဟောင်းများကို ရှာဖွေနေသူ။ မြန်မာနိုင်ငံရှိ ဘုရားပုထိုးများသမိုင်းကို စူးစမ်းသုတေသန ပြုနေသူ။

ကျွန်တော်က မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုဖြစ်စဉ်နဲ့ ပတ်သက်လို့ မစ္စတာဝုလ် ဘယ်လိုမြင်လဲဟု မေးခဲ့သည်။

"အားတက်စရာ အများကြီး တွေ့ပါတယ်၊ ပိုပြီးသတိပြု မိတာက အထီးကျန်မှု ဥစ္စထဲမှာ ရှိနေတဲ့နိုင်ငံကို နိုင်ငံ ခေါင်းဆောင်တွေက ခွဲထုတ်လိုက်တယ်၊ တိုးတက်စေတဲ့ စီစဉ်မှုတွေ ပြုတယ်"

"ဒါဟာ ကောင်းမြတ်မှုလက္ခဏာ မဟုတ်လား"

"မှန်ပါတယ်၊ ဒါပေမဲ့ ပြည်သူတွေက လိုတာထက်ပိုပြီး တိုးတက်စေလိုတဲ့ ဆန္ဒတွေ များနေတယ်၊ ဒါကတော့ ကောင်းမြတ်မှုလက္ခဏာစစ်စစ် မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ မစွတာဝုလ်"

"တိုးတက်မှု ဖြစ်စဉ်တိုင်းမှာ ဆုတ်ယုတ်မှုအကြောင်းတွေ ပါနေတယ်၊ ဒါတွေနဲ့ ပတ်သက်လို့ စံပြမှုရမယ့် နိုင်ငံတွေ ရှိနေတယ်လေ၊ တိုးတက်မှုဆိုတဲ့ ဖြစ်စဉ်ကို လေ့လာရင် တရိပ်ရိပ် တိုးတက်ခြင်းနဲ့ တစ်မုဟုတ်ချင်း တိုးတက်ခြင်းဆိုတာ ရှိတယ်၊ တရိပ်ရိပ် တိုးတက်ခြင်းဟာ ဆုံးရှုံးမှု နည်းစေတယ်၊ တစ်မုဟုတ်ချင်း ပြောင်းလဲမှုဟာ ယဉ်ကျေးမှုကိုပါ ဆုံးရှုံးစေတယ်၊ ဒါဟာ နိုင်ငံသားတိုင်း ချင့်တွက်ရမယ့် ကိစ္စလေ"

သူ့စကားနှင့်အတူ တွေးစရာတွေ များစွာရခဲ့သည်။ ကိုယ်ပိုင်စစ်တမ်းတစ်ခု ပြုဖြစ်ခဲ့သည်။ တိုက်တာ၊ အိမ်မြေ၊ လမ်း၊ တံတားများ၏ တိုးတက်ပြောင်းလဲမှုနှင့်အတူ ခေတ်၏သားကောင်ဟု ဆိုအပ်သည့် ကောင်ကလေး၊ ကောင်မလေးများ၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုကို တွေ့ခဲ့ရ၏။

အရင်နှင့်မတူတော့သည်ကတော့ အမှန်ပင်။ ဝတ်စားဆင်ယင်မှု၊ နေထိုင်ဆက်ဆံမှု စသည်များက ကမ္ဘာနှင့်ရင်ပေါင်တန်းလာသည်ဟု ဆိုရလေမည်။

ဤသည်မှာ တိုးတက်မှုဖြစ်စဉ် ဂရပ်ဖ်တစ်ခုဆိုလည်း မမှားချေ။

**ဒဂုံမောင်သစ်စာပေ**

မည်သို့ဆိုစေ ယင်းတိုးတက်မှုနှင့်အတူ စိတ်ယဉ်ကျေးမှု အဆောက်အအုံကြီးသည်လည်း အပိုင်းပိုင်းဖြစ်ကာ ကြွေမွနေပြီလော။

အားမာန်သစ်စာပေ

မော်ဒယ်ပြပွဲတစ်ခုသို့ မမျှော်လင့်ဘဲ တက်ရောက်ခဲ့ရသည်။ မော်ဒယ်ပြပွဲ၏ မြင်ကွင်းများသည် ခေတ်တစ်ခု၏ တိုးတက်မှုပြယုဂ် တစ်ခုဟုလည်း ပြောနိုင်၏။ ဖော်ဆောင်နေသည့် စီးပွားရေးစနစ်တစ်ခုနှင့်ကြည့်လျှင် ရှိသင့်သော တိုးတက်မှုဖြစ်၏။ သို့သော် သတိချပ်ရမည်က တိုးတက်မှုရေအလျင်နှင့် ဆုတ်ယုတ်မှုရေအလျင် ယှဉ်တွဲဖြစ်တည်နေသလားဆိုသည့်အချက်သာ ဖြစ်လေသည်။

မိမိအား ဆရာမကြီးတစ်ဦးက "ဒီကနေ့ မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုကို ကြည့်လိုက်တိုင်း ဆရာမကြီး မွန်းကျပ်နေတယ်။ သူတို့ကိုကြည့်ရင်း မြန်မာ့ယဉ်ကျေးမှုတွေ ပျောက်သွားမှာ စိုးရိမ်နေတယ်"ဟု ပြောဖူး၏။

ဒဿမဟနိသစ်စာပေ

"အဝတ်အစားဟာ စိတ်ဓာတ်ကို မလွှမ်းမိုးနိုင်ပါဘူး ဆရာမကြီး၊ ယဉ်ကျေးမှု ခိုင်မာရေးအတွက် စိတ်ဓာတ်က အဓိကပါ၊ လိုအပ်တာက မြန်မာတွေ စိတ်ဓာတ်ကြံ့ခိုင်ဖို့ပါ"

မှန်သည်။ စိတ်သည် ယဉ်ကျေးမှုတံခါးချပ်မှ ဖွင့်လှစ်နိုင်ရန်အတွက် အဓိကလိုအပ်ချက်သာ ဖြစ်သည်။ စိတ်ဓာတ်ခိုင်မာမှုမရှိလျှင် ပဲ့ပြားပင်နှယ် ယိမ်းနွဲ့တတ်သည်မှာ ဓမ္မတာ ဖြစ်သည်။ထို့ကြောင့် စိတ်ဓာတ်ခိုင်မာရေးအတွက် ဘာလုပ်သင့်သည်ကိုသာ ဆုံးဖြတ်ရမည်။

အချို့က ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္မာနဂိုက နွားမ ပေါင်ကျိုးကိန်း ကဗျာသစ် ဖွင့်ကြသည်။ တီးတိုးစကား ဝိုင်းတွင် အယူအဆဟောင်းနှင့် အယူအဆသစ်က အားပြိုင်ကြ သည်။ မည်သို့ဆိုစေ စကားဝိုင်း၏ အဆုံးသတ်တွင် မိန်းမ ပြဿနာသည် မလွဲမသွေ ပါလာစမြဲတည်း။ ဘာအကြောင်း ညာအကြောင်း အကြောင်းပြရင်း မိန်းမများ စာရိတ္တယိုယွင်းမှု အကြောင်း ငြီကာချဲ့ကြသည်။

အမှန်ကိုဆိုရမူ လောကဩ လူတို့သည် အပျက်နှင့် အဖြစ်ကို သိရမည်။ အပျက်ကိုရှုလျှင် အပျက်သာဖြစ်မည်။ အဖြစ် ကိုရှုမှ အဖြစ်,ဖြစ်မည်။ အရာရာတွင် အဓိကကျသည်မှာ ပြုပြင် မှုသာဖြစ်သည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ် ကျယ် ပြန့်စေရေး ခိုင်မာစေရေးအတွက် စိတ်ယဉ်ကျေးမှု ခိုင်မာစေရေး

ကို အလေးအနက် တွေးရမည်။ အဓိကသည် မိန်းမတို့၏စိတ်ယဉ်ကျေးမှု တိုးတက်နိုင်မှာလာစေရေးပင်တည်း။ ဤသည်မှာ အရိုးပေါ် အရွက်မဖုံးရေး၏ အဓိကစွမ်းဆောင်ချက်လည်းမည်သည်။

တစ်ခါက တိုးတက်မှုဖြစ်စဉ်နှင့် စိမ့်ဝင်လာသည့် အနောက်တိုင်းယဉ်ကျေးမှုအကြောင်းကို ဆွေးနွေးကြရင်း ထိုသရုပ်ပျက်မှု ရေစီးကြောင်းထဲတွင် မိန်းမတို့ အများဆုံး စီးမျောပါဝင်မှုကို ဆွေးနွေးဖြစ်၏။ ဘာ့ကြောင့် မိန်းမတို့သည် ယဉ်ကျေးမှုပျက်၏ သားကောင်ဖြစ်ရသနည်း။ တစ်စုံတစ်ခုကို လက်ညှိုးပေါင်းများစွာ ဝိုင်းထိုးကြသော်လည်း အမှန်စင်စစ်မူ ဤသည်မှာ အမှန်တရား မဟုတ်နိုင်ချေ။ တရားခံအစစ်လည်း မမည်ပေ။

အသေအချာ ဆန်းစစ်ဝေဖန်လျှင် အရင်းစစ်တော့ အမြ[illegible]မြကဆိုသည့် စကားနှယ်ပင်။ မိန်းကလေးများ ဓားစာခံ ဖြစ်ရခြင်းသည် စိတ်ယဉ်ကျေးမှုအခြေခံ မခိုင်မာသောကြောင့်ဟု ဆိုရပေသည်။ အဘယ်ကြောင့်ဆိုသော် လူ့ဘဝ၏တိုးတက်မှုနှင့် ဆုတ်ယုတ်မှု၊ ကောင်းမှုနှင့် မကောင်းမှု၊ အမှားနှင့်အမှန် ဖြစ်တည်မှု၏အဓိကသည် စိတ်သာဖြစ်သောကြောင့်တည်း။

❀

အာယာန်သမိတာမေ

မကြာသေးသော ကာလက မော်ဒယ်သင်တန်းများ ပို့ချနေသည့် ဆရာမတစ်ဦးနှင့် စကားစမြည် ပြောခဲ့ရ၏။ ကျွန်တော်က ခေတ်မီတိုးတက်မှုနှင့် မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှုပုံစံများကို ပြောပြခဲ့သည်။ မိနစ်(၉၀)ကျော် စကားပြောရသဖြင့် သူမ သဘောကို နားလည်မိ၏။ သူ့အယူအဆများသည် မိန်းမအများစုနှင့် သက်ဆိုင်သလို သတိချပ်စရာဟုလည်း ပြောရမည်ဖြစ်၏။

"ခေတ်မီတာနဲ့ သရုပ်ပျက်တာ မတူဘူး ဆရာမ။ ကျွန်မတို့အနေနဲ့ ခေတ်မီတိုးတိုက်မှုကို အမြဲကြိုဆိုနေတယ်။ ကိုယ့်နိုင်ငံ တိုးတက်မှ ကိုယ့်လူမျိုးလည်း တိုးတက်မှာမဟုတ်လား။ အကောင်းရှိရင် အဆိုးကတော့ ရှိမှာပဲ။

အရေးကြီးတာက စိတ်ဓာတ်ခိုင်မာဖို့လေ။ ကိုယ့်အမျိုးသား ယဉ်ကျေးမှုကို ကိုယ့်နိုင်ငံသားတွေထိန်းသိမ်းရမှာ ဒါဟာ တာဝန်ပဲ”

သူမစကားများ။ ထိုစကားများသည် အမျိုးသမီး အများစုအတွက် အဖိုးထိုက်သောစကားလည်း မည်၏။ စံပြဖွယ် စကားဆိုလည်း မမှား။

ခေတ်မီတိုးတက်မှုနှင့် ယဉ်ကျေးမှု ပျက်သုဉ်းခြင်း စသည်တို့ ယှဉ်တွဲရှိလာခဲ့ခြင်းလည်း စိတ်အခြေမခိုင်မှုကြောင့်ဟု ဆိုနိုင်သည်။

သည်နေရာတွင် မိန်းမ(အမျိုးသမီး)အများစု ခေတ်၏သားကောင် ဖြစ်ရခြင်း ရလဒ်ကို ရှာဖွေတွေ့ရှိလာသည်။ စိတ်အခြေခံ ခိုင်မာမှုတွင် မိန်းမသည် ယောကျ်ားကလေးများထက် အားနည်းသည်ကို တွေ့ရသည်။ အလှအပ၏ ဖမ်းစားမှုကို မိန်းကလေးအများစု ခံစားရသဖြင့် စရိုက်ပျက်ဘဝ ရောက်ခဲ့ရသည်။ အာရုံသက်ရောက်မှု များပြားခြင်းသည် ဆုံးရှုံးမှု၏ အခြေခံလည်း မည်ပေသည်။

တစ်ခါက စာရိတ္တပျက်ယွင်းမှုကြောင့် ဥပဒေစည်း အပြင်သို့ ရောက်ရသူ မိန်းကလေးတစ်ဦးနှင့် စကားပြောဖြစ်သည်။

ဒဂုံမောင်သမိစာပေ

"အားကျမှုဟာ ဒုက္ခကို ဖိတ်ခေါ်တာပဲ။ တဒင်္ဂ တပ်မက်မှုဟာ တစ်ဘဝလုံးကို အစွန်းအထင်း ဖြစ်စေတာ ခမ္မတာပဲ ဆရာ။ ကိုယ်တိုင်ခံ့နစ်မှ ခံ့ဆိုတာ ကြောက်စရာကောင်းမှန်း သိတတ်တာကိုး"

သူစကား။

"စောင့်ထိန်းခြင်းဆိုတဲ့ စည်းတစ်ခုအကြောင်းကို မင်းသတိမထားမိဘူးလား"

"တပ်မက်ခြင်းဟာ အမှောင်ဖုံးခြင်း တစ်မျိုးပဲ ဆရာ။ တပ်မက်မှုကြောင့် မိန်းကလေးတစ်ဦးအတွက် အဓိကစည်းတွေကို သတိမထားမိခဲ့ဘူး"

"စည်းဆိုတာ ဘာကိုဆိုလိုတာလဲ"

"ရှက်ခြင်းနဲ့ ကြောက်ခြင်းလေ"

သူနှင့် စကားပြောရင်း မိန်းမကောင်း၊ မိန်းမမြတ်ဖြစ်စေရေးအတွက် အဓိကလိုအပ်ချက်ကို တွေးတောသတိရမိသည်။ မိန်းမတစ်ယောက် မိန်းမကောင်း၊ မိန်းမမြတ်ဘဝ ရောက်ရှိဖို့အတွက် အဓိကသည် ရှက်ခြင်းနှင့် ကြောက်ခြင်းဖြစ်၏။ ဟိရီ = ရှက်ခြင်းနှင့် ဩတ္တပ္ပ = ကြောက်ခြင်းတို့ ဖြစ်သည်။

အရှက်တရား မသိသူသည် အကြောက်တရားမရှိ။

အရှက်အကြောက် ကင်းသူသည် မည်သို့လျှင် မွန်မြတ်သန့်စင်သော အဖြစ်ကို ရရှိနိုင်မည်နည်း။

ထို့အတူ တိုးတက်သော ခေတ်ဘွင် မိန်းကလေးတို့ ယိုယွင်းပျက်စီးမှုဒဏ်ကို ခံစားရသည်မှာ အရှက်တရားနှင့် အကြောက်တရား ကင်းမဲ့မှုကြောင့်ဟု သိလာရ၏။ ရှက်ခြင်းတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် များစွာရှိသကဲ့သို့ ကြောက်ခြင်းတွင်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက် များစွာရှိ၏။ စိတ်ယဉ်ကျေးမှု ခိုင်မာသော၊ သန့်စင်မွန်မြတ်သော မိန်းကလေးဘဝ ရရှိရေးအတွက် ထိုတရားနှစ်ပါးကို မြဲမြံစွာ ထိန်းသိမ်းဖို့ လို၏။

ဤသည်မှာ ခေတ်မီတိုးတက်သော ယနေ့ခေတ်အခါတွင် မိန်းကလေးတို့ဘဝ သာယာမှုအတွက် အဓိကလိုအပ်ချက်၊ စောင့်ထိန်းရမည့်တရား ဖြစ်သည်ကို မိန်းကလေးတို့ သိသင့်ပေပြီ။

သို့မှသာ မိန်းကလေးတို့ ခေတ်၏သားကောင် ဖြစ်ရခြင်းဘေး ကင်းဝေးမည် မဟုတ်လား။

အောင်မြတ်ဦး